# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 31 July 2023 ၁၁၁၇၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယကျောင်းတော် ကျောင်းလွှတ်ပူဇော မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ကျောင်းလွှတ်ပူဇောမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

### တက်ရောက်ပူဇော်

အခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်ကြီးများ၊ မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြမည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐




ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒ ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အနေကဇာတင်လှူပူဇော်ခြင်း အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားကို


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



ယနေ့ ဖတ်စရာ

ဆင်းရဲခြင်းကင်း ငြိမ်းအေးစိတ်နှင့် ဘဝပြဿနာများ ဖြေရှင်းနိုင်ပါစေ

ဆောင်းပါး စာမျက်နှာ » ၆

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ဝါတွင်းကာလ တရားတော်များ ဟောကြားချီးမြှင့်မည်

စာမျက်နှာ » ၉

“မိုခါ” မုန်တိုင်းကြားက ရခိုင်ပြည်နယ် အားကစားမြင့်မားတိုးတက်ရေး

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ဒစ်ဂျစ်တယ်အခွင့်အလမ်းသစ်များဖန်တီး

မျက်မှောက်ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လွှမ်းခြုံလည်ပတ်နေသည်။ သိပ္ပံနှင့် နည်းပညာတိုးတက်မြင့်မားလာသည်နှင့်အမျှ နယ်ပယ်ကဏ္ဍတိုင်း၌ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးချ၍ အခွင့်အလမ်းများ ရယူနေကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးမျက်နှာစာများတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာ အသုံးချနိုင်သောနိုင်ငံများသည် တိုးတက်အောင်မြင်မှု၌ တစ်ပန်းသာနေသည်။

ကမ္ဘာနှင့်ရင်ပေါင်တန်းတိုးတက်နေသောကာလ၌ မြန်မာနိုင်ငံအနေဖြင့် နောက်ကျမနေရစ်စေရန်အတွက် ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒစ်ဂျစ်တယ်ဟူသည် ကွန်ပျူတာနှင့် အီလက်ထရွန်နစ်တို့နှင့်သက်ဆိုင်သော နည်းပညာများတွင် အသုံးပြုသောနည်းစဉ်ဖြစ်သည်။ ကိန်းဂဏန်း၊ အချက်အလက်များကိုအခြေခံ၍ ဒစ်ဂျစ်တယ် အသံလှိုင်း၊ ရုပ်သံလှိုင်းဆက်စပ်အကြောင်းအရာများကို ရရှိလာသည်။ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာအား ဖန်တီးနိုင်နေပြီကို သတိပြုမိဖို့လိုပြီး နောက်ကျမကျန်ရစ်စေရန် ဒစ်ဂျစ်တယ်တွင် ပါဝင်ဖို့လိုပါသည်။

ယနေ့ကမ္ဘာတစ်ဝန်းတွင် Digital Transformation ဟုခေါ်ဆိုသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် အများပြည်သူတို့အနေဖြင့် အင်တာနက်နှင့် အွန်လိုင်းနည်းပညာကို အသုံးပြုနေကြသော်လည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဖြစ်စဉ်များတွင် ပါဝင်မှုနှေးကွေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဓိကအချက်မှာ ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာဗဟုသုတများ အားနည်းခြင်းနှင့် အစဉ်အလာဟောင်းကို မစွန့်လိုကြခြင်းကြောင့်ဖြစ်သည်ကို မြင်တွေ့ရသည်။ ဥပမာအားဖြင့် ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်မည့် YPS ငွေပေးကတ်ကို အသုံးပြုမှုနည်းသည့်နမူနာကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းစနစ်သုံးအင်တာနက်သည် နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်သော်လည်း Fixed Broad band ကြိုးဖြင့် အင်တာနက်သုံးစွဲသူ ၁ ဒသမ ၆ သန်းခန့်သာရှိနေသေးသည့်အတွက် မြန်နှုန်းမြင့်ဖိုင်ဘာအင်တာနက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ လက်လှမ်းမီ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများလိုအပ်သည့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များရရှိစေရန်နှင့် အင်တာနက်ကို လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များထက်ကျော်လွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေးကဏ္ဍများတွင် တွင်ကျယ်စွာအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် MSME လုပ်ငန်းများတွင် အင်တာနက်ကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့၏ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ထုတ်ကုန်များကို လူမှုကွန်ရက်များမှတစ်ဆင့် ကြော်ငြာမှုများပြုလုပ်၍ ဈေးကွက်ရှာဖွေခြင်းနှင့် ငွေပေးချေမှုများတွင် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးလည်း ပြည်တွင်း၊ ပြည်ပသို့ချိတ်ဆက်နိုင်ကာ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ e-Government ကို ကျော်လွန်ပြီးနောက် Digital Government သို့ တက်လှမ်းလာနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးတွင် Digital Economy ဒစ်ဂျစ်တယ်စီးပွားရေးသည် အဓိကကျသည့် မဏ္ဍိုင်တစ်ခုဖြစ်သည်။ Digital Trade ဒစ်ဂျစ်တယ်ကုန်သွယ်ရေးနှင့် အီလက်ထရွန်နစ်စီးပွားရေးကို အောင်မြင်စွာအကောင်အထည်ဖော်သွားနိုင်ရန် မလိုလားအပ်သည့်ဖြစ်ရပ်များကို တားဆီးနိုင်ရန်အတွက် ဥပဒေ၊ စည်းမျဉ်းများနှင့် ထိန်းကျောင်းသွားရန်လိုအပ်သည်။ နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ပါ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်များ ကိုက်ညီမှုရှိစေရန် Myanmar Digital Economy Roadmap မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိရှိအသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံအဆောက်အအုံနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် ဒစ်ဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာပြီး The Global Value Chain ဟုခေါ်ဆိုသည့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်ဆောင်ရွက်လာနိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံဆိုင်ရာ ဂါနာနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ဖလောရင့် ဘူအာကီ အကိုနောအား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၃၁**

ကွာလာလမ်ပူမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂါနာနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ် ဖလောရင့် ဘူအာကီ အကိုနောအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စစ် ဖလောရင့် ဘူအာကီ အကိုနောကို ၁၉၆၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၄ ခုနှစ်တွင် ဂါနာနိုင်ငံ ကူမာစီမြို့ရှိ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ စီးပွားရေးနှင့် သမိုင်းဘာသာအထူးပြုဘွဲ့ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဂါနာတက္ကသိုလ်မှ နိုင်ငံတကာရေးရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် ဂါနာနိုင်ငံခြားရေးနှင့် ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်အထိ ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ နယူးဒေလီမြို့ရှိ ဂါနာမဟာမင်းကြီးရုံးတွင် ဌာနအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဂါနာနိုင်ငံခြားရေးနှင့် ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့ရှိ ဂါနာသံရုံးတွင် သံမှူးကြီးအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဂါနာနိုင်ငံခြားရေးနှင့် ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးနှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကနေဒါနိုင်ငံ အော်တာဝါမြို့ရှိ ဂါနာမဟာမင်းကြီးရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့ရှိ ဂါနာမဟာမင်းကြီးရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဂါနာနိုင်ငံခြားရေးနှင့် ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဂါနာသံရုံးတွင် သံအမတ်/ယူနက်စကိုဆိုင်ရာ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ လက်ရှိအချိန်ထိ မလေးရှားနိုင်ငံဆိုင်ရာ ဂါနာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

## ကလောမြို့နယ် ဘော်နင်းစံပြကျေးရွာ၌ ဆိုင်ကယ်ပြုပြင်သင်တန်း ဖွင့်လှစ်



**ကလော ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ ဘော်နင်းစံပြကျေးရွာတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဆိုင်ကယ်ပြုပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက ဘော်နင်းစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်ရာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် ဘော်နင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေ ဒေသခံသင်တန်းသား ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာ စာတွေ့လက်တွေ့ အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စံနမူနာ ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့နယ်စံနမူနာ ရောင်းဝယ်သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက စကြာမုနိဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် စံနမူနာရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အသင်းသားများသို့ အစုပေါ် အမြတ်ငွေနှင့် ကုန်ဝယ်ပေါ် ပြန်အမ်းငွေများ ပေးအပ်နိုင်ခဲ့ပြီး အသင်းသားများ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မင်္ဂလသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။

❒ ရှေ့ဖုံးမှ

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။

**ကပ်လှူပူဇော်**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယကျောင်းဆောင်တော်တွင် သီတင်းသုံးတော်မူကြမည့် ဆရာတော် ငါးပါး၏ ဘွဲ့တော်နှင့် ထေရုပ္ပတ္တိအကျဉ်းတို့ကို တင်ပြသည်။

ယင်းနောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ပါဠိဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

**နာယူကြည်ညို**

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မင်္ဂလသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် အခမ်းအနားမှူးက ကျောင်းအပ်စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားပြီးဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုများက ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံ ကျောင်းအပ်စာတမ်းလွှာကို ဆက်ကပ်ပြီး သာဓုအနုမောဒနာ ခေါ်ဆိုကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပါဠိဆရာတော်ဘုရားကြီးနှင့်

စာမျက်နှာ ၄ သို့ ❒



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့် ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုများက ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ ထံ ကျောင်းအပ်စာတမ်းလွှာကို ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❐ စာမျက်နှာ ၃ မှ
ကျောင်းထိုင်ဆရာတော်ထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် ပါဠိဆရာတော်ကြီးထံမှ ကျောင်းလွှတ်ပူဇော အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ပါဠိဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**စုပေါင်းတည်ဆောက်လှူဒါန်း**

အဆိုပါ မာရဝိဇယကျောင်းတော်သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြုသော ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေအလှူရှင်များ စုပေါင်းတည်ဆောက်လှူဒါန်းခဲ့သည့် ဘုန်းတော်ကြီးကျောင်းဖြစ်ကြောင်း၊ အဆိုပါကျောင်းတော်အတွင်း ဘုရားခန်း၊ စာချ၊ ဝတ်ပြုခြင်းများ ပြုလုပ်ရန်နေရာ၊ အိပ်ခန်းများ၊ စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဆွမ်းစားခန်း၊ သန့်စင်ခန်းများ၊ ဆွမ်းချက်ဆောင်နှင့် ကပ္ပိယဆောင်များကို စနစ်တကျဖြင့် ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ထားရှိသဖြင့် သံဃာတော်များ သပ္ပာယ်မှုတစ္စာဖြင့် သီတင်းသုံးနိုင်မည်ဖြစ်ကြောင်းနှင့် ကျောင်းလွှတ်ပူဇော မင်္ဂလာအခမ်းအနားကို ယနေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မိသားစုဝင်များက ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**မာရဝိဇယကျောင်းတော်အတွင်း ဘုရားခန်း၊ စာချ၊ ဝတ်ပြုခြင်းများ ပြုလုပ်ရန်နေရာ၊ အိပ်ခန်းများ၊ စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဆွမ်းစားခန်း၊ သန့်စင်ခန်းများ၊ ဆွမ်းချက်ဆောင်နှင့် ကပ္ပိယဆောင်များကို စနစ်တကျဖြင့် ပြည့်စုံစွာ ထည့်သွင်းတည်ဆောက် ထားရှိသဖြင့် သံဃာတော်များ သပ္ပာယ်မှုတစ္စာဖြင့် သီတင်းသုံးနိုင်မည်**



မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော်ကို တွေ့ရစဉ်။

**❂ မာရဝိဇယမှ**

၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ဩဂုတ်လ ၁ ရက် အင်္ဂါနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၅ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD Channel၊ MRTV News Channel ၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MRTV Sports Channel၊ Skynet Buddha Channel၊ မဟာဗောဓိရုပ်သံလိုင်း၊ Channel –7 ၊ 5 –Plus၊ Readers' Channel၊ Media N၊ MWD – HD Channel ၊ MWD Variety HD Channel ၊ MITV၊ MOI Website ၊ MOI Youtube ၊ MRTV Website၊ မြန်မာ့အသံရေဒီယိုနှင့် သဇင် FM တို့မှ တိုက်ရိုက် (LIVE)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ် ဒုံသိမ်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၀

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကင်းတောင်ကျေးရွာအုပ်စု ဒုံသိမ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၀၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ အရေပြားရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကာ ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း အခမ်းအနားများကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၀**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း အခမ်းအနားနှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနားများ ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပွဲတော်မတိုင်မီ အများဆုံးသုံးစွဲသည့် ဝန်အားများအတိုင်း စမ်းသပ်မောင်းနှင်ထားရန်၊ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများ မတော်တဆ ထိခိုက်ပြတ်တောက်မှု မဖြစ်စေရေး စနစ်တကျဆောင်ရွက်ရန်၊ ဓာတ်အားလိုင်း လမ်းကြောင်းတစ်လျှောက်နှင့် ခွဲရုံများတွင်လည်း တာဝန်များအပိုင်းလိုက် ချထားရန်၊ အရန်မီးစက်များထားရှိသည့် နေရာဝန်းကျင်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် စနစ်တကျ ဆောင်ရွက်ရန်၊ မိုးတွင်းကာလဖြစ်သဖြင့် ရေများ ဝပ်မနေစေရေးအတွက် ရေထွက်မြောင်းများ စနစ်တကျ ပတ်လည်တူးဖော်ထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနားများ ကျင်းပပြုလုပ်မည့်နေရာ၊ သံဃာတော်များ သီတင်းသုံးမည့်နေရာ၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမည့် ဓာတ်အားခွဲရုံများနှင့် အရန်မီးစက်များ နေရာချထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နန်းရာကုန်းကျေးရွာအုပ်စု ကုတိုးဆိပ်ကျေးရွာတွင် ပြုလုပ်သည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွက်၌ စပေါင်းကောက်စိုက်ခြင်း၊ တီစူပါမြေဩဇာမြေခံကြဲပက်ခြင်းနှင့် စပေါင်းထွန်ယက်နေမှုများကို ကြည့်ရှုအားပေးပြီး တောင်သူများအား တီစူပါမြေဩဇာအိတ်များ အခမဲ့ထောက်ပံ့ပေးအပ်ကာ စိုက်ပျိုးရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ယင်းနောက် ကွန်တိုင်ကျေးရွာ၌ စပေါင်းကောက်စိုက်နေမှုနှင့် စပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုအားပေးပြီး နန်းရာကုန်းကျေးရွာရှိ ပုဂ္ဂလိကပိုင် တစ်ပိုင်တစ်နိုင် အသားတိုးကြက်မွေးမြူရေးခြံသို့ သွားရောက်လေ့လာကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆက်ကပ်လှူဒါန်း**

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ရမ္မာဝတီခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြောက် ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၏ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# လှည်းကူးမြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း

**လှည်းကူး ဇူလိုင် ၂၀**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် အုန်းနဲ့ကုန်း ကျေးရွာအုပ်စု ဒရယ်ဘိုကျေးရွာ အနောက်ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၉ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ဒရယ်ဘိုကျေးရွာ အနောက်ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ငွေကျပ် ၂၄၈ ဒသမ ၀၈၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းအရှည်ပေ ၂၅၆၀၊ အကျယ် ၁၂ ပေနှင့် ထု ခုနစ်လက်မ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိုးကောင်းမြို့နယ်၌ မျိုးစပါးများ ပေးအပ်**

**မိုးကောင်း ဇူလိုင် ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ချမ်းမြေ့သာယာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်ရှိ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူ ၄၄ ဦးအား ငွေကျပ် ၆၂ သိန်းနှင့်ညီမျှသော ဆင်းဇေရီ(၃)စပါးမျိုးစေ့ တင်း ၂၅၀၊ ငွေတိုးစပါးမျိုးစေ့ ၁၃၅ တင်းတို့ကို မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ရေကြီးမှု အခြေအနေသတင်း

၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၀ ရက် ၁၃:၀၀ နာရီအချိန် ထုတ်ပြန်ချက်

**နန့်ယင်းမြစ်၏ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်း မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဆင်းရဲခြင်းကင်း ငြိမ်းအေးစိတ်နှင့် ဘဝပြဿနာများ ဖြေရှင်းနိုင်ပါစေ

ဒေါက်တာမြတ်မိုး

**ကျေးဇူးရှင်ဗုဒ္ဓမြတ်စွာဘုရားက လမ်းညွှန်ပြသခဲ့သည်မှာ မိမိတို့လူသားများ၏ မွေးသည်မှ သေသည်အထိ ဖြစ်ခြင်း၊ ပျက်ခြင်းအားလုံးသည် ဒုက္ခချည်းပဲဖြစ်သည်ဟူ၍။ ဘဝတစ်ခုဖြစ်လာသည်မှစ၍ ဒုက္ခဟူသော ဆင်းရဲခြင်းတွေသာရှိသည်။ အမှန်တကယ်ကိုရှိသည်။ ထိုဒုက္ခဟူသော ဆင်းရဲခြင်းသည်လည်း မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ဆိုလျှင် သမုဒယကြောင့်ဖြစ်ရသည်၊ တဏှာကြောင့်ဖြစ်ရသည်။ ဒါလည်း အမှန်တရားတစ်ခုဖြစ်သည်။**

ဒုက္ခဆိုတာ ဆင်းရဲခြင်းဆိုတော့ ထိုဆင်းရဲခြင်း ဒုက္ခကို ဘာကြောင့်လိုချင်ကြသလဲ၊ ဒုက္ခကို ဒုက္ခမှန်းမသိလို့ လိုချင်နေကြတာ။ ထိုမလိုချင်သော ဒုက္ခဆင်းရဲခြင်းမရှိရာသည် နိဗ္ဗာန်ဖြစ်ပါသည်တဲ့။ ထိုနိဗ္ဗာန်သည်လည်း အမှန်ရှိသည်။ သို့ဆိုလျှင် ထိုဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်ကို အရောက်ချီတက်မည့်နည်းလမ်းသည်လည်း ရှိရမှာပဲ၊ ထိုနည်းလမ်းသည်လည်း အမှန်ရှိရာသည်ဟု ဟောကြားပြသတော်မူခဲ့သည်။

ဒုက္ခကို ဒုက္ခမှန်းသိမှ ဒုက္ခသစ္စာ၊ ဒုက္ခဖြစ်ကြောင်းတရားကိုသိမှ သမုဒယသစ္စာ၊ ဒုက္ခကင်းရာချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုသိတော့ နိရောဓသစ္စာ၊ ထိုဆင်းရဲခြင်းကင်းရာသို့ အရောက်သွားမည့်လမ်းကြောင်းနှင့် နည်းလမ်းကိုသိမှ မဂ္ဂသစ္စာ၊ ထိုသစ္စာလေးပါးတရား အမြဲမှန်သောတရားကို လောကမှလွတ်မြောက်ရာ အရိယာသစ္စာအဖြစ် သိမှတ်ကြသည်။

### ဘဝဖြစ်လာကတည်းက ဆင်းရဲဒုက္ခချည်းသာ ဆိုသည်ကို

မည်သည့်အတွက် ထိုဒုက္ခဆင်းရဲခြင်းသစ္စာကို အမြဲမှန်ကန်သည်လို့ ဆိုရမှာပါလဲ၊ မွေးလာကတည်းကိုက အိုမင်းရင့်ရော်လာသည်ဖြစ်၍ အိုဖို့၊ တစ်ခုမဟုတ်တစ်ခု ရောဂါဘယဖြစ်လာ၍ နာဖို့၊ နောက်ဆုံးမှာတော့ သေကျေပျက်စီးခြင်းသို့ရောက်ရသည်သာ မဟုတ်ပါလား။ နောက်တစ်ဘဝမျှော်ဆုတောင်းမိ၍ မွေးဖွားလာခဲ့သည်။ မိခင်ဝမ်းထဲမှာ ဆင်းဆင်းရဲရဲဖြစ်လာကတည်းကိုက ဒုက္ခနှင့်သာ၊ ကံကောင်းလို့ငရဲမရောက် ပြိတ္တာမဖြစ်၊ တိရစ္ဆာန်မဖြစ်၊ လူလာဖြစ်တော့လည်း ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ရုန်းကန်ရတာပါပဲ။ သေသည်အထိ ဒါနဲ့ပဲပြီးသွားတာ၊ ဘာပဲဖြစ်လာဖြစ်လာ ရုပ်နဲ့နာမ်ခန္ဓာချည်းဆိုတာလည်း သိထားမှ...ဆိုတော့ တရားများများနာယူ၊ ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကိုယ်တိုင် သင်မှတ်လေ့ကျက်ထားလေမှ။

မွေးလာကတည်းက ဤခန္ဓာသည် ဖြစ်ပြီးပျက်၊ ဖြစ်ပျက်ချည်း။ ဒါကိုသိရန်လည်း ဝိပဿနာဆိုသော ဘာဝနာကမ္မဋ္ဌာန်း ရှုမှတ်ဆင်ခြင်နိုင်မှ။ ဆိုလိုတာကတော့ ဘဝတစ်လျှောက်မှာ ကြုံသမျှ၊ ဆုံသမျှ အားလုံးသည် ဒုက္ခချည်းပဲဆိုသည့် တရားသဘောကို များများဆင်ခြင်ပေးနိုင်မှပဲ နာယူမှတ်သားပြီးသည့်အခါ မိမိတို့အားလုံး မိမိအဇ္ဈတ္တ၊ ဗဟိဒ္ဓ တတ်နိုင်သမျှ အမြဲသတိထားဆင်ခြင်သုံးသပ်နေမှသာရမည်ဟု သတိပြုမိသည်။

ကိုယ်ကိုယ်တိုင်ရော ကိုယ်ချစ်ခင်နှစ်သက်သူနှင့် အမြဲနေရဖို့ အာမခံချက်ရှိပါ့မလား၊ ကြုံခဲ့ဆုံခဲ့သမျှမှာ ကွေကွင်းမှုလည်း ရှိခဲ့ကြမှာ၊ မချစ်မနှစ်သက်သူနှင့်လည်း တွဲခဲ့ရမှာ၊ မခွဲချင်လို့မရ တစ်ချိန်မဟုတ်တစ်ချိန် ခွဲရမှာ၊ မချစ်ချင်လို့လည်းမရ ချစ်နေရမှာ၊ ဒါလည်းဒုက္ခဟု... ဆင်ခြင်နေရမှာပါ။ လိုအင်



ဆန္ဒပြည့်တဲ့အချိန်ရှိမည်၊ မပြည့်တဲ့အခါလည်း ရှိမည်၊ လိုချင်တာမရသဖြင့် စိတ်မချမ်းသာ ဒေါသ၊ စိတ်နှလုံးသာယာသည့်အခါရှိမည်၊ မသာယာသည့် အခါလည်းရှိမည်၊ ချမ်းမြေ့လိုက် မချမ်းမြေ့လိုက်၊ မိမိဝမ်းစာပြည့်ပြီးလည်းမကြာဘူး၊ ထပ်ပြီးထပ်ပြီး ဖြည့်ချင်၊ မပြည့်သည့်အချိန်လာဦးမှာ။ ဘယ်အရာမျှ တည်ကြည်ခိုင်မြဲခြင်း မရှိပါဘူးဆိုတဲ့သဘော။ အများအားဖြင့် ကိုယ့်ကိစ္စကြောင့်ရော၊ သူများကိစ္စကြောင့်ရော စိုးရိမ်မှု၊ ပူပန်မှုသောကနှင့် ကင်းသည်ဟုလည်း မရှိပြန်ဘူး။ ကိုယ့်မှာမရှိတော့လည်း တောင့်တခြင်း မရှိဒုက္ခ၊ ရှိလာပြန်တော့လည်း သဘာဝဘေး၊ သူများလုမှာ၊ ခိုးမှာ၊ ပျောက်မှာ ပူပန်နေရသည့် ရှိဒုက္ခ၊ မရှိတောင့်တ ရှိကြောင့်ကြ။ ကိုယ်မရှိတော့လျှင်လည်း ကျန်ရစ်မည့်သူ ကျန်ခဲ့မည့်ပစ္စည်းဥစ္စာများအတွက် ပူပင်ရသည့်ဒုက္ခ၊ တစ်ခါတစ်ရံ ကိုယ့်ကြောင့်လည်းပဲ ငိုကြွေးရတာရှိသလို သူများကြောင့်လည်း ငိုကြွေးရတာရှိမည်၊ နံနက်မိုးလင်း ညမိုးချုပ်အထိလည်း မိမိခန္ဓာမိမိ အမြဲပြုပြင်နေရတာချည်း၊ စားဖို့၊ ဝတ်ဖို့၊ နေဖို့၊ သွားဖို့၊ လာဖို့၊ ဤသို့ပြုပြင်ရင်းနှင့်သာ အချိန်ကုန်နေရသည်။ စိတ်အလိုမကျ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံရပြန်တော့လည်း စိတ်ဆင်းရဲ အမျက်ဒေါသဖြစ်ရသည်၊ ကိုယ့်ကိစ္စရော မိမိမိသားစုအပါအဝင် သူများကိစ္စပါ ပင်ပန်းလှသည်၊ နောက်ဆုံးတော့ အားလုံး ဒုက္ခတရားသာချည်းဆိုတာ ဆင်ခြင်ကြည့်နိုင်ဖို့ရာပါ။

### ဒုက္ခ၏အစသည် သမုဒယ

သမုဒယဆိုသည့် သဘောတရားကတော့ တဏှာသဘော၊ လောဘသဘောတွေပါပဲ။ အထက်က ဆိုခဲ့သည့် ဒုက္ခဆင်းရဲခြင်းကိုဖြစ်စေသည့် အကြောင်းတရားပါပဲ။ သမုဒယတဏှာဖုံးနေတော့ ယနေ့ခံစားနေရသည့်ဒုက္ခကို ဒုက္ခဟုမမြင်။ ဒုက္ခကို သုခ၊ အသုဘကို သုဘဟုသာ မြင်နေသည်။ မပျော်လည်းခဏ၊ ပျော်လည်းခဏတာ၊ ဘဝက အတက်အကျနှင့် ဘာမှတာရှည်မခံဆိုသည့်အချက်ကို သိသော်လည်း နှလုံးမသွင်းမိ၊ ဒုက္ခကတော့ ထင်ရှားသည့်အတွက် ဒုက္ခကို ဒုက္ခမှန်းသိ၍ ဆင်ခြင်မိတတ်သည်။

ပျော်စရာဝမ်းသာစရာသုခနှင့်ကြုံတော့ မိုးမမြင်လေမမြင်ပျော်မိတတ်ပြီး ဝမ်းနည်းမှု၊ စိတ်ညစ်မှု တစ်ဖန်ပြန်လာနိုင်သည်ကို မေ့လျော့နေကြပြန်သည်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဘဝဆိုပြီး အကြောင်းတရားတွေ ညီညွတ်ပေါင်းဆုံဆက်စပ်မိ၍သာ ဘဝဆိုသည့် ဒုက္ခ၊ ဇာတိ၊ ဇရာစသည်ဖြင့် ဖြစ်လာရတာပါ။ ထို့ကြောင့် တဏှာဆိုသောသမုဒယသည် ဒုက္ခအစိုင်အခဲတို့ မွေးဖွားရာအစပင်ဖြစ်တော့သည်။ မသိမှုမောဟကြောင့် လိုချင်မှုလောဘတွေတက်၊ လိုတာမရတော့ ဒေါသဖြစ်၊ အကုသိုလ်အဆက်ဆက် ဒုက္ခဖြစ်ကြောင်း သမုဒယဟုဆိုသော်လည်း ထိုအကုသိုလ်တို့မှ ကြွင်းသော အလောဘ၊ အဒေါသ၊ အမောဟ ကုသလတရားများကိုလည်း သမုဒယသစ္စာတရားတွင် ထည့်သွင်းထားသည်ဟု ဆိုထားပါသည်။

အသုံးချတတ်လျှင် ဆေးဖြစ်၍ အသုံးမချတတ်လျှင် ဘေးဖြစ်မည်သာ။ အလိုကြီးလွန်းတော့ မရောင့်ရဲမှုတွေများလာသည်။ လောဘ၊ ဒေါသများသည် မီးနှင့်တူသည်။ ပတ်ဝန်းကျင်မြင်ရသည့်မီးက ခဏတာဆိုပေမင့် အတွင်းမှာလောင်မြိုက်သည့်မီးကတော့ သံသရာတစ်လျှောက် ကူးစက်တတ်သည့်သဘောကို ဆင်ခြင်ရန်လိုနေသည်။ လောဘက စလိုက်သည့်မီးသည် မိမိစိတ်ကို ပူလောင်ဆင်းရဲစေသည်။ ကိုယ်လိုတာမရတော့ အမျက်ထွက်ရုံတင်မက ရန်ငြိုးပါဖွဲ့လာကြသည်။ မနာလိုဝန်တိုမှုတွေများလာသည်။ ကျေးဇူးတရား မသိတတ်တော့ဘဲ တုပြိုင်မှုတွေများလာသည်။ အဆိုးဆုံးကား ရှိခဲ့ဖူးသောကျေးဇူးကိုပင် ချေဖျက်လာကြခြင်းဖြစ်သည်။ ထိုတရားသဘောများကား မိမိကိုယ်တိုင်ရော လက်တွေ့နယ်ပယ်မှာ မမြင်ချင်မှအဆုံး..။

### ဒုက္ခဆင်းရဲချုပ်ရာ နိရောဓဆိုသည့် အမှန်တရားသဘော

အထက်ပါဒုက္ခဆင်းရဲခြင်းတွေကိုမြင်မှ ဆင်ခြင်နိုင်မှသာလျှင် ယခုဘဝ၊ နောင်ဘဝဆိုတာကြီးကို ငြီးငွေ့မှာ၊ မလိုချင်တော့မှာဖြစ်သည်။ ထိုတရားတွေသည် ကိလေသာဝဋ်၊ ကိလေသာတရားများပင်ဖြစ်တော့သည်။ အဖန်ဖန်အထပ်ထပ်ဖြစ်နေသည့် ဝဋ်တွေပါပဲလား။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေလေ။ အပြီးကျွတ် အပြီးလွတ်သည့် အမြဲမှန်သည့်သစ္စာတရားတစ်ခုရှိသေးသည်လို့ ကျေးဇူးရှင် မြတ်စွာဘုရားက ဟောထားပြန်သည်။ လမ်းညွှန်ထားပြီးဖြစ်သည်။ ယခုဘဝမှာ ဒုစရိုက်အမှုတွေ မပြုဖြစ်တော့သည့်အခါ၊ ဒုစရိုက်အမှုတွေရဲ့ အနှောင့်အယှက်လုံးဝမရှိတော့သည့်အခါ အပါယ်မှလည်းလွတ်မည့် ပန်းတိုင်ကားရှိပြီးဖြစ်သည်။ ဘဝဆိုတာမလိုချင်တော့လျှင် ဒုက္ခဆင်းရဲလည်း ချုပ်ငြိမ်းမည်။ အကြောင်းတရားတို့ ပေါင်းစုံညီညွတ်ခြင်းမရှိတော့လျှင် အကျိုးတရားလည်း ဖြစ်လာတော့မည်မဟုတ်ပါ။ ဤနေရာတွင် အကြောင်းတရားကိုသာ ရှာဖွေနိုင်စွမ်းရှိရန်လိုသည်။ အကြောင်းတရားရှာနိုင်လျှင် ပြဿနာအသစ်ဖြစ်တော့မှာမဟုတ်။ အကြောင်းတရားမရှိတော့၍ အကျိုးတရား ချုပ်ငြိမ်းခြင်းသည်ပင် နိရောဓ၏ အဓိပ္ပာယ်မဟုတ်ပါလား။

အကြောင်းတရားဆိုသည်မှာ ကိလေသာတရားများပင်ဖြစ်တော့သည်။ ထို့ကြောင့် အကျိုးကိုပယ်ရမည်မဟုတ်၊ အဓိကအကြောင်း ကိလေသာကိုသာ ပယ်သတ်နေရမည်ဟု ဆိုလိုသည်။ နောက်ဆုံးကိလေသာကို မဖယ်နိုင်သေးလျှင်တောင်၊ ကိလေသာကြိုးဆွဲရာက မရုန်းနိုင်သေးလျှင်တောင်မှ ကိလေသာဖြစ်စေသော အာရုံများမှ ဖယ်ခွာနိုင်အောင် ထိုထိုအာရုံများနှင့် မနီးကပ်သွားအောင် တတ်နိုင်သမျှကြိုးစားကြည့်ကြပါစို့လား။ တစ်နည်းအားဖြင့် တဏှာလောဘမရှိလျှင်ပင် ဆင်းရဲငြိမ်းသည်ဟု ဆိုထား၍ အကြောင်း တဏှာလောဘနည်းသည်ထက် နည်းလာအောင်နှင့် အကျိုး ဒုက္ခဆင်းရဲနည်းသည်ထက်နည်းအောင် ကြိုးစားကြရအောင်ဟု နှိုးဆော်ချင်ပါသည်။

### လောကီမဂ္ဂင်လမ်းအတိုင်းသာ

သို့ပါလျှင် မိမိတို့က ဆင်းရဲခြင်းအကြောင်းတရားသည် လောဘတဏှာဖြစ်၍ ဆာလောင်တပ်မက်လိုချင်မှုကို လျော့နိုင်သမျှလျော့အောင် ကြိုးစားလျှော့ချ၍ နောက်ဆုံးကင်းအောင်လုပ်နိုင်မည်ဆိုလျှင် ဆင်းရဲဒုက္ခလည်းလျော့၍ ချုပ်ငြိမ်းခြင်းသို့ ရောက်ရှိမည်ဟုဆိုလိုသည်။ ထို့ကြောင့်လည်း ဆင်းရဲဒုက္ခငြိမ်းရာလမ်းကြောင်းကို လိုက်ရမည် ရှာရမည် ဟု ဆိုခြင်းဖြစ်ပါသည်။ ထိုသို့ရောက်သော အကျင့်လမ်းကား မဂ္ဂင်လမ်းရှစ်ပါးဆိုတာပဲ ဖြစ်သည်။

**စာမျက်နှာ ၇ သို့** ✻

> **“ယခုဘဝမှာ ဒုစရိုက်အမှုတွေ မပြုဖြစ်တော့သည့်အခါ၊ ဒုစရိုက်အမှုတွေရဲ့ အနှောင့်အယှက်လုံးဝမရှိတော့သည့်အခါ အပါယ်မှလည်းလွတ်မည့်ပန်းတိုင်ကား ရှိပြီးဖြစ်သည်။ ဘဝဆိုတာမလိုချင်တော့လျှင် ဒုက္ခဆင်းရဲလည်း ချုပ်ငြိမ်းမည်။ အကြောင်းတရားတို့ ပေါင်းစုံညီညွတ်ခြင်းမရှိတော့လျှင် အကျိုးတရားလည်း ဖြစ်လာတော့မည် မဟုတ်ပါ။ ဤနေရာတွင် အကြောင်းတရားကိုသာ ရှာဖွေနိုင်စွမ်းရှိရန်လိုသည်။ အကြောင်းတရားရှာနိုင်လျှင် ပြဿနာအသစ်ဖြစ်တော့မှာမဟုတ်။ အကြောင်းတရားမရှိတော့၍ အကျိုးတရား ချုပ်ငြိမ်းခြင်းသည်ပင် နိရောဓ၏ အဓိပ္ပာယ်မဟုတ်ပါလား”**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB Pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇူလိုင် ၃၀

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

✻ စာမျက်နှာ ၆ မှ

ဒုက္ခကို ဒုက္ခမှန်းသိဖို့၊ ဒုက္ခဖြစ်တာက လောဘသမုဒယကြောင့်ဆိုတာသိဖို့၊ အကြောင်းသမုဒယချုပ်လျှင် အကျိုးဒုက္ခလည်းငြိမ်းတယ်ဆိုတာ သိဖို့မြင်ဖို့က မဂ္ဂင်ရှစ်ပါးပွားမှုရမည်။ မှန်သောအမြင်၊ မှန်သောကြံစည်မှု၊ ကုသိုလ်ရေးနှင့် သူတစ်ပါးအကျိုး၊ ကိုယ့်ထက်အားနည်းသူကို ဘယ်လိုညှာတာထောက်ထားရမလဲ၊ ဤအကြံအစည်မျိုးတွေ ကကောင်းသောအကြံအစည်များသာဖြစ်သည်။ မုသားမပါ၊ မသိမ်ဖျင်း၊ မယုတ်ညံ့၊ မသိမ်ဖျင်းသော စကားကို ပြောနိုင်မှသာ မှန်ကန်သော အပြောအဆိုဖြစ်မည်။ ဤနှုတ်မှုစရိုက်များကို ရှောင်ကြဉ်၊ သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုး၊ ဝတ္ထုကာမဂုဏ်တို့၌ မှားမှားယွင်းယွင်းမကျင့်၊ ထိုအမှုများသည်လည်း ကောင်းသောအကျင့်များဖြစ်သည်။ မဖြစ်သေးသော အကုသိုလ်တွေမဖြစ်အောင်၊ ပြုပြီးသော ကုသိုလ်တွေ ဆက်ဖြစ်နေအောင်၊ ဖြစ်ပြီးသော အကုသိုလ်တွေဆက်မဖြစ်အောင်၊ မလုပ်ရသေးသော ကုသိုလ်တွေ အစဉ်မပြတ် လုပ်ဖြစ်နေအောင်က ဝီရိယလိုသည်။ နောက်ဆုံးမှာတော့ မှန်ကန်သော သတိဖြင့် မိမိစိတ်အစဉ် ရုပ်နာမ်ခန္ဓာကို သတိကပ်၊ သတိနှင့်နေနေသမျှ မိမိခန္ဓာမှာလည်း ကြည်လင်အေးချမ်းနူးညံ့နေပါသည်။ သတိ၊ ဝီရိယက သမာဓိကို ရှေ့ဆောင်၍ တည်ငြိမ်သော သမာဓိ၊ ရှစ်ပါးသော အကျင့်မြတ်ဖြင့် တတ်နိုင်သမျှ ကြိုးစားကျင့်ကြခြင်းဖြင့် ခံစားနေရသော ဒုက္ခဆင်းရဲခြင်းများ ချုပ်ငြိမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

လောကီနယ်ပယ်မှာ ပုထုဇဉ်တွေအတွက် ဤသစ္စာလေးပါးတရားသဘော ခြုံငုံမိရုံမျှနှင့်ပင် အတော်ကို ကျေးဇူးများနေပါပြီ။ မိမိတို့အားလုံး လောဘ၊ဒေါသ၊မောဟလွှမ်းသည့်အကုသိုလ်ကံတွေ မလုပ်မိအောင်၊ လျှော့သည်ထက် လျှော့လာအောင်ပဲ ဆက်လက်ကြိုးစားကြရအောင်ပါ။ အကြောင်းကို ပယ်ရမှာလား၊ အကျိုးကိုပယ်ရမှာလား သိပြီး သကာလ ပျော်ရွှင်မှု၊ မပျော်ရွှင်မှု တစ်ဖက်စောင်းနင်းကြီးမဖြစ်ရင်ဘဲ တော်လှပါပြီ။ လောဘလှိုင်း၊ ဒေါသရိုင်း၊ မောဟမှိုင်းများကြားမှာ ဆင်းရဲမှုသဘောသိပြီး ကိုယ့်စိတ်ကိုယ်ငြိမ်းချမ်းအောင် နေနိုင်မည့်လမ်းစသိရလျှင်ပဲ တော်နေပါပြီ။

လောကီနယ်ပယ်ဖြစ်၍ လောကီမဂ္ဂင်လမ်းနှင့်ပဲ ချွတ်ခြုံကျနေသည့်စိတ်ဓာတ်တွေနေရာမှာ ချမ်းသာသည့်စိတ်လေးနှင့် ကြိုးစားအစားထိုးကြည့်ဖို့သင့်ပြီဆိုတာ ရိပ်စားမိလောက်ပါရဲ့...။ ကိုယ့်ဝန်းကျင်အတွင်းအပြင် အိပ်ရာမဝင် ဘဝင်စိတ်မဖြစ်သမျှ အာရုံခြောက်ပါး ဘယ်အာရုံပဲလာလာ၊ နှလုံးသွင်းမှန်ပါစေ။ နှလုံးသွင်းမှန်တယ်ဆိုတာက ကိုယ်ကြုံရသည့် အနိဋ္ဌာရုံကို ဣဋ္ဌာရုံဖြစ်နေအောင်၊ ဣဋ္ဌာရုံနှင့်တွေ့ရလည်း အနိဋ္ဌာသဘောပဲလို့မြင်အောင် ဆင်ခြင်နိုင်စွမ်းကိုဆိုလိုသည်။ ကုသိုလ်စိတ်ဖြစ်အောင်နေလိုက်ပြီဆိုလျှင် ကြုံတွေ့ရသည့်အာရုံအပေါ်မှာ အကောင်းမြင်စိတ်လေး ဖြစ်သွားတတ်ပါသည်။ အကောင်းမြင်သဘောကို ဤသို့လေ့ကျင့်၍ရပါသည်။ အကောင်းမြင်တော့ သူ့မှာရှိနေသည့် ကောင်းတာလေးတွေ၊ အားသာချက်လေးတွေကို ကောင်းသည့်ဘက်ကပဲ တွေးတာများလာသည်၊ ထိုအခါ ကိုယ်နှင့်ဆက်ဆံရသူအပေါ်မှာ အဆိုးမြင်စိတ်လေးနည်းသွားတတ်သည်ကို သတိထားမိသည်။

သစ္စာတရား၏တန်ဖိုးကား ကြီးမားလှသည်၊ အဖိုးလည်းထိုက်တန်လှသည်။ ထို့ကြောင့်လည်း ဤဆောင်းပါးကို ဝါတွင်းကာလအထူးပြု၍ ရေးသားပူဇော်ခြင်းဖြစ်ပါသည်။ ကျေးဇူးရှင်မြတ်စွာဘုရား၏ အဆုံးအမများကို မိမိကိုယ်တိုင်ရော ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းပါ အစဉ်အမြဲ သတိရဆင်ခြင်ဖြစ်နေရန်ဖြစ်ပါသည်။ ဘယ်လောက်ပဲ နှစ်သက်နှစ်သက်၊ လိုချင်တိုင်းလည်းမရ၊ မလိုချင်လည်း ရချင်ရနေတာ၊ လိုတာထက်လည်း မလွန်သွားအောင်၊ မျှမျှတတဖြင့် စားရေး၊ ဝတ်ရေး၊ နေရေးမှအစ မျှတနေအောင်၊ အဆုံးမှာ အားလုံးကွေကွင်းရမှာပဲ။ နောက်ဆုံး ကိလေသာ၏အပြစ်ကို မြင်အောင်ကြည့်တတ်ပြီး တကယ်လည်း တရားရှုမှတ်လို့ မြင်အောင်ကြည့်တတ်လာသည့်အခါ...။

မိမိခန္ဓာသည်လည်း အချိန်တိုင်းမှာ အပျက်သဘောချည်းပါပဲ။ ကိုယ်ရထားတာမှန်သမျှ ပျက်ရမှာချည်း၊ အဖြစ်ရှိရင် အပျက်လည်းရှိမှာပါ။ အိုလာမည်၊ နာလာမည်၊ သေရမည်၊ မရဏသဘော၊ ဤသဘောတရားကို ထပ်ကာထပ်ကာဆင်ခြင်ကြပြီး မိမိပြုခဲ့သည့် ကုသိုလ်တရားများကိုသာ အဖန်တလဲလဲ ပွားများကြခြင်းဖြင့် မကောင်းသည့် ကိလေသာများကို တွန်းလှန်ခွင့်ရထားသည့် ယခုဘဝလေးကို အကျိုးရှိရှိအသုံးချကြရအောင်ပါ။ ။

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ Gasifier များအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ရှိစပါးခွံလောင်စာသုံး Gasifier အသုံးပြုလည်ပတ်သည့် ရဲထွန်း ဆန်စက်နှင့် ဆီစက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်၊ ဓာတ်အားရရှိ သုံးစွဲနေမှု၊ စပါးခွံလောင်စာသုံး Gasifier များအသုံးပြုခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ အားသာချက်/ အားနည်းချက်များ၊ စပါးခွံလောင်စာသုံး Gasifier စတင်သုံးစွဲနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင် အဆင့်ဆင့် စီမံဆောင်ရွက်ခဲ့မှု၊ စပါးခွံကုန်ကြမ်းများ ရရှိသုံးစွဲမှု၊ စပါးခွံလောင်စာသုံး Gasifier မှ လျှပ်စစ်ထုတ်လုပ်နိုင်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်နေမှု၊ စပါးခွံလောင်စာသုံး Gasifier အသုံးပြုခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ချနိုင်မှုနှင့် ပြည်တွင်း၌ သုံးစွဲနေသည့် စပါးခွံလောင်စာသုံး Gasifier များ၏ စစ်ဆေးတွေ့ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်သည့် အချိန်များတွင် ဒီဇယ်ဓာတ်အားပေးစက်များ အသုံးပြုလည်ပတ်ခြင်းသည် Gasifier အသုံးပြု၍ လည်ပတ်ခြင်းထက် ကုန်ကျစရိတ်ပိုမိုကြောင်း၊ Gasifier များ အကူအညီဖြင့် စက်များအချိန်ပြည့်လည်ပတ်နိုင်ခြင်းကြောင့် ဈေးကွက်၏ လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်သည့်အတွက် ဈေးကွက်ခိုင်မာမှုရှိကြောင်း၊ စပါးကုန်ကြမ်းများ ကြိုတင်စုဆောင်းရန် မလိုတော့သည့်အတွက် လုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ်ငွေပမာဏလျှော့ချသုံးစွဲနိုင်ကြောင်း၊ လုပ်ငန်းရှင်များမှ Gasifier များ ပိုမိုသုံးစွဲလာခြင်းဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားပေးစနစ် (National Grid) မှ ဓာတ်အားရယူသုံးစွဲမှု လျော့နည်းလာခြင်းကြောင့် အများပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရသည့် အားသာချက်များစွာရှိကြောင်း၊ ထို့ပြင် Gasifier မှ ထွက်ရှိသော စပါးခွံဖွဲပြာသည် စိုက်ပျိုးရေးမြေဩဇာအဖြစ် ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိစေခြင်း၊ ဆန်စက်များမှထွက်ရှိသော စပါးခွံများ စွန့်ပစ်ရန်အတွက် နေရာရှာဖွေရခြင်း၊ စွန့်ပစ်စပါးခွံများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်စေခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းများကြောင့် စပါးခွံသုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ခြင်း၊ မီးဘေးအန္တရာယ် ကင်းဝေးစေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့နည်းလာခြင်း စသည်တို့အပြင် စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ခြင်းကြောင့် နိုင်ငံခြားမှ စက်သုံးဆီတင်သွင်းမှု လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျခြင်းကြောင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်ထွန်းစေခြင်း စသည့်အကျိုးကျေးဇူးများရှိပါကြောင်း။

တစ်ဖက်တွင်လည်း လုပ်သားများ ကျန်းမာရေးမထိခိုက်စေရန်နှင့် ပတ်ဝန်းကျင် (ရေထု၊ လေထု၊ မြေထု) ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ စပါးခွံလောင်စာသုံး Gasifier များထုတ်လုပ်မှုနှင့် သုံးစွဲမှုအတွက် လိုအပ်သော လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်(SOP) များကို ဝန်ကြီးဌာနများ စုပေါင်း၍ သတ်မှတ်ပြုစု ရေးဆွဲပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် စပါးခွံလောင်စာသုံး Gasifier များသည် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စပါးခွံလောင်စာသုံး Gasifier ၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် စပါးကြိတ်ခွဲနေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ ကျင်းပ



**မုံရွာ ဇူလိုင် ၃၀**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မုံရွာပညာရေးဒီဂရီကောလိပ် အမျိုးသား အမျိုးသမီး ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် မုံရွာမြို့ မုံရွာပညာရေးဒီဂရီကောလိပ် ကျောင်းဝင်းအတွင်းရှိ အားကစားကွင်းတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်ဝက် အမျိုးသားဘောလုံးအသင်းနှင့် ဒုတိယနှစ်၊ ပထမနှစ်ဝက်-ဒုတိယနှစ်ဝက် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကာ ဒုတိယနှစ်၊ ပထမနှစ်ဝက်-ဒုတိယနှစ်ဝက် အသင်းမှ ပထမနှစ်၊ ဒုတိယနှစ်ဝက် အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ငွေအား ပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိကြသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား တစ်ဦးချင်းဆုတံဆိပ်များအား လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမျိုးသား/အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များအား လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက အမျိုးသမီး ဘောလုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ဗိုလ်လုပွဲစဉ်တွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တံခွန်စိုက်ဆု တတိယရရှိသော ဒုတိယနှစ်၊ ပထမနှစ်ဝက် အသင်းအား တံခွန်စိုက်ဆုဖလားအား လည်းကောင်း၊ ဒုတိယရရှိသော ဒုတိယနှစ်၊ ပထမနှစ်ဝက်-ဒုတိယနှစ်ဝက် အသင်းအား တံခွန်စိုက်ဆုဖလားအား လည်းကောင်း၊ ပထမရရှိသော ပထမနှစ်၊ ဒုတိယနှစ်ဝက်အသင်းအား တံခွန်စိုက်ဆုဖလားတို့အား အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများထံ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# 31st Junior Golf Myanmar Tournament ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar တို့ ပူးပေါင်းစီစဉ်သော 31st Junior Golf Myanmar Tournament လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပသည်။




ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်ဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆုချီးမြှင့်ပွဲတွင် Junior Golf Myanmar အဖွဲ့ဝင် ဦးဇော်ဘိုဘိုဦးက အသက် ၁၂ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် တတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ဒုတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်၊ ရန်ကုန်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေက အမျိုးသမီးသက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် တတိယဆုရရှိသော ချိုသာအောင်၊ စုစုပေါင်းရိုက်ချက် ၁၆၄ ချက်ဖြင့် ဒုတိယဆုရရှိသော စုလဲ့အောင်၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော မိုးပြည့်စုံခင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်က အသက် ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် တတိယဆုရရှိသော ကောင်းဆက်ဝန်း၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော ကောင်းထက်၊ စုစုပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် ပထမဆုရရှိသော ဝေယံလင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်ဦးက အသက် ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် တတိယဆုရရှိသော အောင်ဗိုလ်ကောင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ဒုတိယဆုရရှိသော ရဲဝင်းအောင်၊ စုစုပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် ပထမဆုရရှိသော ဟိန်းနိုင်ဇင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော Singapore Open Amateur Championship 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ ကျင်းနံပါတ် (၈)တွင် Hole In One ဆုဆွတ်ခူးရရှိခဲ့သော ထွန်းသူရိန်အား Junior Golf Myanmar အဖွဲ့ဝင် ဒေါ်မြင့်မြင့်သန်းက ဆုချီးမြှင့်သည်။

31st Junior Golf Myanmar Tournament ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း) တွင် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MGF**

# ဆဋ္ဌသင်္ဂါယနာသာသနာသမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ (၅၄)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၃၀

ဆဋ္ဌသင်္ဂါယနာ သာသနာသမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ (၅၄)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

**ဗုဒ္ဓါဘိသေက အနေကဇာတင်**

ဦးစွာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာအရှင်သူမြတ်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဩဝါဒခံယူပွဲကို သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ခန်းမ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး အသင်းများက သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စံပြ သာသနာပြုကျောင်း ဦးစီးပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လ (မြေပုံ)ဆရာတော်ထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်တို့ထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့စီမံရေးရာဂေါပက ဦးသိန်းဦးက ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းချုပ်ကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရထံမှ ဩဝါဒကထာ နာယူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗြဲ့ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ စန္ဒနသာရထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ဝါတွင်းကာလ တရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ ဝါတွင်းကာလတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်ကြီးများက တရားတော်များ ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

**တရားတော်များ ချီးမြှင့်ဟောကြားမည်**

ဗုဒ္ဓဂေါတမရှင်တော်မြတ်ဘုရား၏ ဆံတော်စစ်ရတနာ ကိန်းဝပ်တော်မူရာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် ဝါတွင်းကာလဖြစ်သော ဩဂုတ် ၁ ရက်(၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်)မှ အောက်တိုဘာ ၂၈ ရက်(သီတင်းကျွတ်လပြည့်)အထိ အပတ်စဉ် ဥပုသ်နေ့များ၌ နံနက် ၁၀ နာရီခွဲတွင် သီလပေးတရားတော်များကို ဗိုလ်တထောင်မြို့နယ်မှ ဆရာတော်အရှင်သူမြတ်များက လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ဓမ္မကထိက ဆရာတော်ကြီးများက လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများက လည်းကောင်း တရားတော်များ ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်သည်။

အဆိုပါ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ဝါတွင်းကာလတရားဘာဝနာလာရောက်ပွားများမည့် တရားနာသူတော်စင်များအား အာဟာရဒါနအဖြစ် နေ့စဉ်လူ ၁၀၀၀ စာ ကုသိုလ်ပြုလှူဒါန်းသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်များရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ်ရှိလေသာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိမဟာစကြာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒ ပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အရိယဝံသကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆံတော်ရှင်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ ပေပင်ပရိယတ္တိကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ သာသနာအေးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အောင်ကိန်းတည်စွဲ

❂ အခါခါအလီလီ ပါရမီများရယ်နဲ့
မာရ်ငါးပါး အောင်တော်မူ၊
အောင်လံထူ အောင်သံကျူးလို့
ဘွဲ့ထူးကိုယူ၊
မာရဝိဇယ ရုပ်ပွားတော်တစ်ဆူ
အောင်ဆုယူ တည်ထား။
ဉာဏ်တော်မှာ ရှုမဆုံးပါဘူး
ကမ္ဘာမှာ အမြင့်ဆုံးရယ်မို့
ဘုန်းရောင်ထင်ရှား။

❂ ရုပ်ပွားတော် စကျင်ကျောက်က
အံ့ဩလောက် ထုထည်
ကြီးလေးလှတယ်၊
ရေလမ်းနဲ့ တစ်သွယ်
တစ်ဆင့်သယ် ကုန်းလမ်း။
အဖုံဖုံ အခက်အခဲကိုလ
မမှုမဖြို ဇွဲနပဲရယ်နဲ့
သဒ္ဓါအဟုန် လုံ့လကဲတယ်
နွဲချီလို့လှမ်း။

❂ သယ်ဆောင်လာ စကျင်ကျောက်ကိုလ
လက်ရာမြောက် တို့မြန်မာ
ထုဆစ်ကြတာ၊
နိုင်ငံခြားသား တစ်ယောက်မှမပါ
တို့မြန်မာ ပညာစွမ်း။
အရပ်သား အင်ဂျင်နီယာနဲ့
တပ်မတော်သား အင်ဂျင်နီယာတို့
ပူးပေါင်းကာ ဉာဏ်ရည်များနဲ့
အားစိုက်ကြိုးပမ်း။

❂ ရုပ်ပွားတော် မာရဝိဇယ
ဖူးမြော်မဝ ကြည်ညိုစဉ်၊
အနုပညာ လက်ရာများက
ဖမ်းစားညှို့ငင်၊
မြန်မာတို့ ကိုယ်တိုင်ပင်
ဉာဏ်ယှဉ်လို့ ထုဆစ်။
မြန်မာ့ဂုဏ် ထုတ်ဖော်လှစ်တယ်
ခေတ်မီဆန်းသစ်။

❂ ရုပ်ပွားတော် မာရဝိဇယ
သာသနိက နယ်မြေမှာ၊
ကျောင်းဇရပ်ရယ်နဲ့
တန်ဆောင်းပြာသာဒ် ဗိမာန်အစုံပေါ့
အေးရိပ်မြို့ ဥယျာဉ်နန်းမှာလည်း
ရဟန်းရှင်လူ စိတ်ကြည်လန်းအောင်
ငြိမ်းချမ်းစေရာ၊
အမှောင်တွေလင်းစေဖို့
အောင်မြေနင်း ဝမ်းပန်းတသာ
ဘုရားဖူးလာ စည်ကား။
မြတ်ဗုဒ္ဓ မုက္ခပါဠ်တော်ရဲ့
ပိဋကတ်တော် အမွေအနှစ်တွေက
ခေတ်မီခံ့ညား။

❂ အောင်စေရာ အောင်နိမိတ်နဲ့
အောင်ဘိသိက် အောင်ရေးဖော်၊
အောင်ကြောင်းဖြာ အောင်ဇေယျတု
အောင်မှုတွေကျော်၊
မာရဝိဇယ ရုပ်ပွားတော်
ပူဇော်တဲ့ သဘင်ပွဲ။
အောင်ဩဘာ အောင်သံဟိန်းတယ်
အောင်ကိန်းတည်စွဲ။ ။

ရေနံ့သာမောင်ကျော်ညွန့်

# "မိုခါ" မုန်တိုင်းကြားက ရခိုင်ပြည်နယ် အားကစားမြင့်မားတိုးတက်ရေး

**မြင့်စိုး(နတလ)**

### အားကစား ဖိတ်စာလေးတစ်စောင်

ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာ ကော်မတီက ကြီးမှူးကျင်းပသော မိုခါ မုန်တိုင်း အလွန် ပြန်လည်ထူထောင်ရေး၊ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်၍ တက်ရောက်ပေး နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်.....တဲ့။ ကျင်းပမည့် အစီအစဉ်ကို ဖတ်ကြည့်လိုက်သောအခါ ဇူလိုင်လ ၂၉ ရက် စနေနေ့ မွန်းလွဲ ၃ နာရီခွဲအချိန် စစ်တွေ မြို့ ဘောလုံးကွင်းရပ်ကွက်ရှိ ဓညဝတီ အားကစား ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း တွေ့ရသည်။ သောကြာနေ့ ညနေတွင် သည်ဖိတ်စာလေးကို လက်ခံရရှိသည်။ မိုခါမုန်တိုင်းလွန်ကာလ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် စစ်တွေမြို့သို့ ရောက်ရှိနေစဉ် အခမ်းအနားတက်ပေးပါရန် ဖိတ် ကြားသည်ဆိုသော်လည်း အစီအစဉ်အသေးစိတ်ကို ကျွန်တော် သိထားပြီးပေပြီ။ တစ်ဖက်အသင်းက စစ်တွေတက္ကသိုလ်လက်ရွေးစင် လှပျိုဖြူ သမီးငယ် လေးများ၊ သည်ဘက်အသင်းမှာတော့ ခေတ္တရောက် ရှိနေသော ဒုတိယဝန်ကြီးများရော၊ ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများရော၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများရော စုပေါင်းဖွဲ့စည်းထားသည့် အသက် ၅၀ နှစ်နှင့် ၆၅ နှစ်ကြား အဘိုးကြီး အသင်း ဟု ပြောရမည်သာ။ ကျွန်တော်တို့လည်း ပါဝင်ကစား မည်ဖြစ်၍ဖိတ်စာရပြီး မကြာခင်မှာပင် ဘောလုံး ကန်အကျႌ၊ ဘောင်းဘီများ ပေးပို့လာပါသည်။

ဖိတ်စာလေးတွေ့လိုက်ရကတည်းက ကျွန်တော့် စိတ်အလျဉ်သည် စစ်တွေမြို့မှ ခေတ္တခဏ ခွာတုံ ပြုကာ ၁၉၉၆ ခုနှစ်တွင် ကျွန်တော်နေထိုင်ခဲ့ဖူးသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ-ထိုင်း နယ်စပ် အနီးရှိ ဟိုမိန်းမြို့လေးသို့ ရောက်ရှိသွားပါတော့ သည်။ နေထိုင်ခဲ့ဖူးသည်ဟု ကျွန်တော်သုံးနှုန်းလိုက် ခြင်းမှာ ဦးခွန်ဆာ၏ MTA အဖွဲ့ အကြွင်းမဲ့လက်နက် စွန့်ခဲ့သည့် ၁၉၉၆ ခုနှစ် ဇန်နဝါရီလမှစတင်ကာ နှစ်ကုန်သည်အထိ တစ်နှစ်တိတိ နေထိုင်ခဲ့ရသော ကြောင့်ပါတည်း။ ၎င်းအဖွဲ့ကြီး လက်နက်စွန့်ပြီဆို ကတည်းက တပ်မတော်၊ ထွေ/အုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ နတလ၊ လဝက၊ အကောက်ခွန်၊ တရားရေး၊ ဥပဒေ စသည့် သက်ဆိုင်ရာဌာနအသီးသီးက အဖွဲ့ဝင် ၃၅ ယောက်ကို ဟိုမိန်းဒေသ အထူးအုပ်ချုပ်ရေးအဖွဲ့ အဖြစ် ဖွဲ့စည်းစေလွှတ်ခဲ့ခြင်းဖြစ်သည်။ တရား ဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျွန်တော်တို့ အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြ သည်။ MTA အဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း ပူးပေါင်း ပါဝင်ကူညီကြသဖြင့် လုပ်ငန်းမှန်သမျှ အားလုံး အဆင်ပြေချောမွေ့စွာ အောင်မြင်ပြီးမြောက်ခဲ့သည်ဟု ပြောရပေမည်။

> **မိုခါမုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စစ်တွေမြို့သို့ ရောက်ရှိနေစဉ် အခမ်းအနားတက်ပေးပါရန် ဖိတ်ကြားသည်ဆိုသော်လည်း အစီအစဉ်အသေးစိတ်ကို ကျွန်တော်သိထားပြီးပေပြီ။ တစ်ဖက်အသင်းက စစ်တွေတက္ကသိုလ်လက်ရွေးစင် လှပျိုဖြူသမီးငယ်လေးများ၊ သည်ဘက်အသင်းတွင်တော့ ခေတ္တရောက်ရှိနေသော ဒုတိယဝန်ကြီးများရော၊ ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများရော၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများရော စုပေါင်းဖွဲ့စည်းထားသည့် အသက် ၅၀ နှစ်နှင့် ၆၅ နှစ်ကြား အဘိုးကြီးအသင်းဟု ပြောရမည်သာ။**

### ဌာနအလိုက် ကိုယ်စီတာဝန်များခွဲဝေ

တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် ဟိုမိန်းမြို့ပေါ်မှာရော ကျေးရွာ တွေမှာပါ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဖွဲ့တွေ ဖွဲ့သည်။ တရားရေးနှင့် ဥပဒေဆိုင်ရာများ ဟောပြောဆွေးနွေးသည်။ လဝကအဖွဲ့တွေက နေရပ် ပြန်သူတွေရော၊ ကျန်နေမည့်သူတွေရော မှတ်ပုံတင်၊ သန်းခေါင်စာရင်းတွေ လုပ်ပေးသည်။ အကောက်ခွန် အဖွဲ့က မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ယာယီ မှတ်ပုံတင် နံပါတ်များ စိစစ်ဆောင်ရွက်ပေးသည်။ ဥက္ကဋ္ဌ ဗိုလ်မှူးငွေထွန်း၊ အတွင်းရေးမှူး ဗိုလ်ကြီး ကျော်ရွှေ (ဗိုလ်မှူးချုပ်ကျော်ရွှေ-ငြိမ်း) တို့ အစီအစဉ် ဖြင့် ဟိုမိန်း-လင်းခေး၊ ဟိုမိန်း-တောင်ကြီး မော်တော် ယာဉ်လိုင်းတွေ ဖွင့်သည်။ ဟိုမိန်းတွင် လာရောက် အခြေပြုထားသော တပ်မမှူး၏ ညွှန်ကြားချက်ကို နာခံ၍ MTA တပ်ဖွဲ့ဝင်များအား ဌာနေပြည်သူ့စစ်အဖွဲ့ များ ဖွဲ့စည်းရေး ဆောင်ရွက်ကြသည်။ ကျွန်တော်တို့ နတလအဖွဲ့၏တာဝန်က စာသင်ကျောင်းများ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ အမှတ် ၂၀၃ စပါးမျိုးများကို ဟိုမိန်းဒေသတွင် အောင်မြင်စွာစိုက် ပျိုးပြသရေးတို့ပဲ ဖြစ်သည်။ စပါးစိုက်ပျိုးရေး လုပ်ငန်း အောင်မြင်သလားမမေးနှင့်၊ နတလမှ ပေးပို့လာသော လက်တွန်းထွန်စက် သုံးစီးနှင့် လယ် ၁၀ ဧကကျော် မြေပြင်ပြီးချိန်မှာ ကောက်စိုက်ပွဲတော် ပြုလုပ်ခဲ့ရာ ဟိုမိန်းမြို့ပေါ် ရပ်ကွက်များဖြစ်သော ဟွေပန်ဆေ၊နားမိုင်၊မိန်းမိုင်၊နားမိုက်လေ၊ မတ်လန်း၊ ဟွေခါးမွန်၊ ပန်သပြေ စသည်တို့မှ လုပ်အားပေး ကောက်စိုက်သမ ၃၀၀ ကျော် တပျော်တပါး ပါဝင် စိုက်ပျိုးပေးခဲ့ကြသည်။ ဟိုမိန်းဒေသမှာ အကြောင်း အမျိုးမျိုးဖြင့် လာရောက်နေထိုင်ကြသော်ငြား နေရပ်ဇာတိမြို့ရွာများဆီက မိရိုးဖလာကောက်စိုက် ခြင်းကို လွမ်းနေကြလျော့ထင့်။ ပျော်လိုက်ကြသည် မှ တပြုံးပြုံး၊ ကောက်ညှင်းပေါင်းနှင့် အကြော် ကျွေးသည့်အဖွဲ့ကလည်း တအုန်းအုန်း။ လွမ်းပဲ လွမ်းမိသေးတော့ ဟိုမိန်းရေ.......။

### ငြိမ်းချမ်းရေးသကြၤန်နှင့် ချစ်ကြည်ရေးဘောလုံးပွဲ

၁၉၉၆ ခုနှစ် ဟိုမိန်းသကြၤန်နှင့် ၁၉၉၁ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်သကြၤန် တို့ကို ကျွန်တော်က ငြိမ်းချမ်းရေးသကြၤန်ဟု အမြဲတင် စားခေါ်ဝေါ်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဧပြီ လဆန်းပိုင်း တွင် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နောက် ကျွန်တော်တို့ ရမခစစ်ဗျူဟာ(၁) နှင့် တပ်ရင်းအသီးသီးက တပ်မတော်သားများ၊ PSLA တပ်ဖွဲ့ဝင်များ၊ ဒေသခံပလောင်တိုင်းရင်းသား တိုင်းရင်းသူများ နမ့်ဆန်သကြၤန်ပွဲတော်ကို ပျော်ရွှင် စွာ ဆင်နွှဲခဲ့ကြသည်။ ငြိမ်းချမ်းခြင်း၏ နိမိတ်ပုံ၊ တကယ့် ငြိမ်းချမ်းရေးသကြၤန်ပွဲတစ်ခုပါပေ။ ဟော.........၁၉၉၆ ခုနှစ် ဧပြီလ၌ ဟိုမိန်းတွင်ကျခဲ့ သော သကြၤန်မှာလည်း တပ်မတော်သားများ၊ MTA တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူ များ ပါဝင်ဆင်နွှဲကြသောကြောင့် ကျွန်တော့် ရင်ထဲမှာ ဘယ်တော့မှ မေ့ပျောက်လို့ရနိုင်တော့ မည်မဟုတ်သော ဒုတိယမြောက် ငြိမ်းချမ်းရေး သကြၤန် ဖြစ်သည်။ ဦးခွန်ဆာ၏ ညာလက်ရုံးနှင့် ဘယ်လက်ရုံးဟု ပြောနိုင်သော MTA ယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင်၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ အမျိုး သမီးအသင်း WASS အဖွဲ့ခေါင်းဆောင် ဒေါ်ခေးဆစ် နှင့် ဒေါ်နှောင်းတို့၏ ပါဝင်ကူညီမှု၊ စည်းရုံးမှု အင်အားတို့ဖြင့် ပွဲက ထင်ထားသည်ထက် ပိုစည် သွားခြင်းဖြစ်သည်။ အစ်မကြီး ဒေါ်ခေးဆစ် တစ်ယောက်ကွယ်လွန်ခဲ့သည်မှာ ၁၀ နှစ်ခန့် ရှိလျော့ထင့်။

ချစ်ကြည်ရေးဘောလုံးပွဲကတော့ ရပ်ကွက် လိုက်အသင်းတွေ ပါဝင်ပြီး တပ်မတော်မှ လည်း နှစ်သင်း ပါဝင်သည်။ ကျွန်တော်က မိန်းမိုင်ရပ်ကွက် အသင်း၏ အသင်းခေါင်းဆောင်၊ အနိုင်အရှုံးကို အဓိကမထားဘဲ တပ်မတော်နှင့် ဒေသခံပြည်သူ များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ၊ MTA လက်ကျန်တပ်ဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီး စေရန်၊ ဒေသဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက် နိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။ ကျွန်တော်တို့လို ရပ်ကွက်အသင်းတွေမှာ ပါဝင် ကစားနိုင်ခြင်းမရှိသော တရားသူကြီး ဦးဝင်းမြင့်ဦး၊ ရှေ့နေကြီး ဦးစိုးသန်း၊ ထွေ/အုပ်က ဦးမောင်မောင်၊ လဝက ဦးသန်းမြင့်၊ အကောက်ခွန်က ဦးတင်ဝင်းတို့ အဖွဲ့ကိုတော့ ကညာပျိုနှင့် ဇရာအို ကန်ကြသည့်ပွဲ မှာ ပါဝင်စေခဲ့သည်။ ဒေသခံ ရှမ်းသမီးပျိုလေးများ ကြားမှာ လဲလိုက် ကွဲလိုက် ကစားနေကြရသော သူတို့တစ်သိုက်ကြောင့် ကြည့်ရသူအားလုံး ရယ်မော ပျော်ရွှင်ခဲ့ကြရသည်ကို သတိရမိသည်။ ထိုနေ့က MTA အဖွဲ့ ဒုတိယခေါင်းဆောင် ဦးကျန်ဆုရှင် တစ်ယောက် ကုတ်အကျႌ၊ ဘောင်းဘီ၊ ရှူးဖိနပ်တို့ကို သပ်ရပ်စွာဝတ်ဆင်ပြီး ဘောလုံးပွဲမစမီ နာရီဝက် ခန့် အလိုကတည်းက ရောက်ရှိလာကာ တလေး တစား ကြည့်ရှုအားပေးသွားခဲ့သည်။ ယခုအချိန်မှာတော့

စာမျက်နှာ ၁၁ သို့❖




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးတို့က စစ်တွေတက္ကသိုလ်ကျောင်းသူများအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။





နှစ်ဖက်ဘောလုံးအားကစားသမားများအား စစ်တွေတက္ကသိုလ် ကျောင်းသူလေးများက ဂုဏ်ပြုပန်းစည်းပေးအပ်စဉ်။

❖ စာမျက်နှာ ၁၀ မှ

ဦးခွန်ဆာ၊ ဦးကျန်ဆုရှင်နှင့် ဘောလုံးပွဲ ဒိုင်လူကြီး ဦးရွက်ခေးတို့အားလုံး ကွယ်လွန်ခဲ့ကြပေပြီ။ ဦးနော်မိန်းခွမ်းကိုတော့ ယခုနှစ်ဆန်းပိုင်းက ကျွန်တော်ရောက်ရှိခဲ့သော ဟိုမိန်းဒေသခရီးစဉ်၌ ကျန်းမာစွာ တွေ့ခဲ့ရသည်။



ဘောလုံးအားကစားသမားများကို တွေ့ရစဉ်။

**စစ်တွေမြို့က ချစ်ကြည်ရေးဘောလုံးပွဲ**

ယနေ့ ဇူလိုင်လ ၂၉ ရက်နေ့ ကျင်းပခဲ့သော ဘောလုံးပွဲသည် ချစ်ကြည်ရေးဘောလုံးပွဲဟု အမည်တပ်ထားသော်လည်း ထိုထက်ပို၍ ရည်ရွယ်ချက် လေးနက်ပါသည်။ မိုခါမုန်တိုင်း တိုက်ခတ်ခံရပြီးနောက် ဒေသခံပြည်သူများရော၊ ဝန်ထမ်းများရော၊ ကျောင်းသား ကျောင်းသူများကအစ အနည်းနှင့်အများဆိုသလို ကိုယ်စိတ်နှစ်ပါးစလုံး ထိခိုက်ပင်ပန်းနွမ်းနယ်ခဲ့ကြရသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကို ခံယူ၍ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြရသည်။ အချိန်တိုအတွင်းမှာပင် မူလအခြေအနေများသို့ ရောက်လုနီးပါး ဖြစ်လာခဲ့သည်။ ဤသည်မှာလည်း အရှိန်အဟုန်ပြင်းပြင်းနှင့် ဝင်ရောက်တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူ စည်းလုံးညီညွတ်စွာ လက်တွဲ၍ ပြန်လည်တုံ့ပြန်နိုင်ခြင်း ရလဒ်ကောင်းတစ်ခု၏ ထင်ရှားသော ပြယုဂ်တစ်ခုဖြစ်ခဲ့သည်။ တစ်နည်းပြောရလျှင် အောင်ပွဲဟု ဆိုရပေမည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းသင့်ရခိုင်ဒေသ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးရန် လိုသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော လူငယ်လူရွယ်များ၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ခံယူချက်များ မြင့်မားတိုးတက်လာစေရေးအတွက် အားကစားကဏ္ဍကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် လိုပါသည်။ ယနေ့ အားကစားပွဲကို ဝန်ကြီးချုပ် ဦးထိန်လင်း တက်ရောက် အမှာစကားပြောကြားရာ၌ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြည်နယ်အတွင်း အားကစားကွင်းများ၊ အားကစားရုံများ ပျက်စီးခဲ့၍ အားကစားပြိုင်ပွဲများ ရပ်တန့်သွားခဲ့ကြောင်း၊ တတ်နိုင်သမျှ အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနေကြောင်း၊ ယနေ့ ကျင်းပသည့်ဘောလုံးပြိုင်ပွဲမှ အစပြု၍ နောက်ပိုင်းတွင် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားကို မြှင့်တင်ခြင်းသည် မိမိဒေသ၊ မိမိနိုင်ငံတော်ကို မြှင့်တင်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများစွာ မွေးထုတ်ပေးခဲ့သည့် အစဉ်အလာရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင်လည်း ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများက ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု ရယူပေးခဲ့ကြကြောင်း၊ မိုခါမုန်တိုင်းပြီးခါစအချိန်ကာလ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင်လည်း ရခိုင်ပြည်နယ်အနေဖြင့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့ပါကြောင်း၊ အားအလွန်ပြင်းသော မိုခါမုန်တိုင်းကို နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်တုံ့ပြန်အနိုင်ယူခဲ့ကြသည့် ရက္ခိတစိတ်ဓာတ်အပြည့်ရှိသော တိုင်းရင်းသားများပီပီ အားကစားပြိုင်ပွဲတွင် ခွန်အားပြည့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသလို ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင်လည်း အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ရက္ခိတစိတ်ထားနှင့်အညီ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်သည့်အပြင် ပေါင်းစည်းညီညွတ်အားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ယနေ့အားကစားပွဲသို့ ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်အားဒါနပေးလှူရန် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀၀ ခန့် တက်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ၅ ဂိုး၊ ၄ ဂိုးဖြင့် အနိုင်ရသွားသော စစ်တွေတက္ကသိုလ် ကျောင်းသူလေးများအသင်းအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီးတို့က ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းနှင့် ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ဌာနဆိုင်ရာဝန်ထမ်းများအသင်းကိုလည်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပါသည်။ ၎င်းပြင် စစ်တွေကွန်ပျူတာတက္ကသိုလ်အတွက် အားကစားပစ္စည်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးကလည်းကောင်း၊ စစ်တွေနည်းပညာတက္ကသိုလ်အတွက် အားကစားပစ္စည်းများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

**စာရေးသူ၏ ဆန္ဒမွန်**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ ဆောင်းပါးအမှတ်စဉ် (၆) ကို ရေးသားခဲ့စဉ်က ရခိုင်ပြည်နယ်ဇာတိဖွား နိုင်ငံ့ဂုဏ်ဆောင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးခဲ့ကြသော ဘောလုံး၊ ပြေးခုန်ပစ် အားကစားသမားကြီးများမှသည် ပြီးခဲ့သည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း၌ အမျိုးသမီးဘောလုံးပြိုင်ပွဲ ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် ဘောလုံးသမား နော်ထက်ထက်ဝေအထိ ဂုဏ်ပြုဖော်ပြပေးခဲ့ပါသည်။ ပြည်နယ်အစိုးရအဖွဲ့၏ အားပေးချီးမြှောက်မှု၊ ရက္ခိတစိတ်ထားဖြင့် အားကစားသမားများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ပို၍ပို၍လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာပါဦးမည်။ ပေါ်ထွက်မည်ဟုလည်း စာရေးသူအနေဖြင့် အလေးအနက် ယုံကြည်မိပါသည်။ ရခိုင်ပြည်နယ် အားကစားအစဉ်ထာဝရ မြင့်မားတိုးတက်ပါစေ။ ။



စစ်တွေတက္ကသိုလ် ကျောင်းသူအားကစားသမားများနှင့် စာရေးသူတို့အဖွဲ့ကို တွေ့ရစဉ်။





ဘောလုံးပွဲသို့ လာရောက်အားပေးကြည့်ရှုကြသော ပရိသတ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများကို တွေ့ရစဉ်။

❂ ကျောဖုံးမှ

၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုက်ညီပြည့်စုံ၍ လက်ရှိတွင် အောက်ဖော်ပြပါ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်၊ အလုပ်ရှင်အဖွဲ့ချုပ်များသည် ဥပဒေနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းမှု၊ စည်းရုံးမှုများ ပြုလုပ်လျက်ရှိပါသည်-

| စဉ် | အဖွဲ့အစည်းအမည် | မှတ်ပုံတင်အမှတ် | အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်ရက်စွဲ |
|---|---|---|---|
| ၁။ | မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM) | မြန်မာ/အလုပ်သမားရေးရာအဖွဲ့ (၁/၂၀၁၅) | ၂၃-၇-၂၀၁၅ |
| ၂။ | မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအလုပ်သမားအဖွဲ့ချုပ်(MSF) | ကျောက်တံတား/ ပင်လယ်ကူးသင်္ဘောသား/အဖွဲ့ချုပ် (၁/၂၀၁၂) | ၂၅-၄-၂၀၁၂ |
| ၃။ | မြန်မာ့ပင်လယ်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ်(MMWF) | လှိုင်/ပင်လယ်ရေကြောင်းသင်္ဘောသားအဖွဲ့ချုပ်(၁/၂၀၁၃) | ၆-၅-၂၀၁၃ |
| ၄။ | မြန်မာနိုင်ငံပင်လယ်ပျော်သမဂ္ဂများ အလုပ်သမားအဖွဲ့ချုပ်(MMTUF) | တာမွေ/ပင်လယ်ရေကြောင်း/အဖွဲ့ချုပ် (၁/၂၀၁၄) | ၈-၁၂-၂၀၁၄ |
| ၅။ | မြန်မာနိုင်ငံရေကြောင်းပြမှူးကြီးများ အလုပ်သမားအဖွဲ့ချုပ်(MMPA) | ဗိုလ်တထောင်/ရေကြောင်းပြမှူးကြီးများ/အဖွဲ့ချုပ် (၂/၂၀၁၄) | ၈-၁၂-၂၀၁၄ |
| ၆။ | လွတ်လပ်သောမြန်မာနိုင်ငံပင်လယ်ပျော်များအလုပ်သမားအဖွဲ့ချုပ်(IFOMS) | ပုစွန်တောင်/ ပင်လယ်ရေကြောင်း/ အဖွဲ့ချုပ်(၁/၂၀၁၅) | ၂၇-၂-၂၀၁၅ |
| ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(AFFM-IUF) | အင်းစိန်/ စိုက်ပျိုးရေး/ အဖွဲ့ချုပ်(၂/၂၀၁၅) | ၂၀-၅-၂၀၁၅ |
| ၈။ | မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(AFFM) | တာမွေ/ စိုက်ပျိုးရေး/ အဖွဲ့ချုပ်(၃/၂၀၁၅) | ၂၂-၅-၂၀၁၅ |
| ၉။ | မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်(MICS- TUsF) | မင်္ဂလာဒုံ/စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ/အဖွဲ့ချုပ်(၁/၂၀၁၆) | ၈-၄-၂၀၁၆ |
| ၁၀။ | မြန်မာနိုင်ငံကုန်ထုတ်နှင့်စက်မှုလက်မှု အလုပ်သမားများအဖွဲ့ချုပ်(IWFM) | ဒဂုံမြို့သစ်(အရှေ့ပိုင်း)/ ကုန်ထုတ်နှင့်စက်မှုလက်မှု/ အဖွဲ့ချုပ်(၁/၂၀၁၉) | ၂၉-၃-၂၀၁၉ |
| ၁၁။ | မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ် (MSESF) | ဒေါပုံ/ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်/ အဖွဲ့ချုပ်(၁/၂၀၁၂) | ၁၇-၇-၂၀၁၂ |

ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၆ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၂၄ ဖွဲ့တို့ကိုလည်း ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ပါသည်။

သို့ပါ၍ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ ပြဋ္ဌာန်းပြီးသည့်အချိန်မှစတင်၍ ယနေ့အထိ အလုပ်သမားအဖွဲ့အစည်း၊ အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၃၀၄၃ ဖွဲ့တို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ငါးမျိုးစိုက်ထည့်ပွဲနှင့် နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ ပြင်ပလူနာဌာနခွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေး မြေဧရိယာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့က ရတနာတန်းဝင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင် ၁၅၀ အပါအဝင် တည်ပင် ၄၀၊ သစ်ဆိမ့် ၃၅ ပင်၊ ပုတီးဖြူ ၄၅ ပင်၊ ပိန္နဲပင် ၃၀၊ ခရေပင် ၃၀၊ ဆီသပြေပင် ၄၀၊ ကံ့ကော်ပင် ၃၀၊ သစ်ကြံပိုးပင် ၃၀ စုစုပေါင်းသစ်ပင် ၄၃၀ကို ဆက်လက်စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် ဇမ္ဗူကျက်သရေလမ်းရှိ မင်္ဂလာကန်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မင်္ဂလာကန်အတွင်းသို့ ငါးမျိုးများကို ဦးစွာစိုက်ထည့်ပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးသည့် ငါးသားပေါက်အကောင်ရေ စုစုပေါင်း ၃၀၀၀၀ ကို မင်္ဂလာကန်အတွင်းသို့ စိုက်ထည့်ပေးကြသည်။

**တက်ရောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ်၌ ကျင်းပသည့် နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၏ ပြင်ပလူနာဌာနခွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၏ ပြင်ပလူနာဌာနခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြင်ပလူနာဌာနခွဲအတွင်းရှိ လူနာမှတ်ပုံတင်ဌာန၊ လူနာစမ်းသပ်ခန်းနှင့် လူနာကုသခန်းတို့ကို လှည့်လည်ကြည့်ရှုကာ လူနာများအား တိုင်းရင်းဆေးပညာဖြင့် ကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာနက သိပ္ပံနည်းကျ သုတေသနပြုထုတ်လုပ်ထားသော ကိုဗစ်-၁၉ ရောဂါအပါအဝင် တုပ်ကွေးရောဂါများကို သက်သာပျောက်ကင်းစေနိုင်သည့် ဆေးခါးကြီး ပါဝင်သော ဝိသမအဖျားပျောက်ဆေးဖြင့် လူနာများကို အောင်မြင်စွာ ကုသပေးနိုင်မှုအခြေအနေကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများအား ဝိသမအဖျားပျောက်ဆေး၏ ကောင်းကျိုးအာနိသင်များကို သိရှိနိုင်ရေးနှင့် ဆေးကို ကျယ်ပြန့်စွာထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး ယခင်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် အမျိုးသားပရဆေးဥယျာဉ်၌ ကျန်းမာရေးဝန်ကြီးဌာနက စိုက်ပျိုးခဲ့သည့် ပရဆေးပင်များဖြစ်သည့် ကံ့ကော်ပင်၊ ကရမက်ပင်၊ သရဖီပင်နှင့် စံကားဝါပင်များ ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ဥယျာဉ်အတွင်း စိုက်ပျိုးထားသည့် ဆေးခါးကြီးပင်စိုက်ခင်းကို ကြည့်ရှုသည်။

ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှုပေးရာတွင် ပြည်သူများအနေဖြင့် ပိုမိုလက်လှမ်းမီစေရန် ရည်ရွယ်၍ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်အတွင်း ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ ပြင်ပလူနာဌာနခွဲကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လာရောက်ကုသမှုခံယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၁၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၃၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၁၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၂၃,၄၂၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း(၆၄၁,၀၅၆)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံရှိ မီးရှူးမီးပန်းဂိုဒေါင်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၁၀ ဦး သေဆုံး

**ဗန်ကောက် ဇူလိုင် ၃၀**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ မီးရှူးမီးပန်းများ သိုလှောင်ထားသည့် ဂိုဒေါင်တစ်ခု၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်ပွားမှုသည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် နာရာသီဝတ်ပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် မီးခိုးလုံးများ ကောင်းကင်ယံသို့ လွင့်ပျံတက်လာပုံကို မှတ်တမ်းဗီဒီယိုဖိုင်များတွင် ကြည့်ရှုနိုင်သည်။

အဆိုပါအပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေလျက်ရှိသည်။

မီးရှူးမီးပန်းဂိုဒေါင် ပေါက်ကွဲမှုဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ဂိုဒေါင်အတွင်း ပြန်လည်ပြင်ဆင်သည့်လုပ်ငန်းများဆောင်ရွက်နေစဉ် ဂဟေဆော်ရာမှ ပေါက်ကွဲမှုစတင်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ဆိုသည်။ ယင်းသို့ အဆောက်အအုံပြိုကျပျက်စီးခြင်းကဲ့သို့သော မတော်တဆမှုများသည် နာရာသီဝတ်ပြည်နယ်၌ မကြာခဏဖြစ်ပွားလေ့ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ရုရှားနိုင်ငံ ရေတပ်နေ့စစ်ရေးပြအခမ်းအနားတွင် အီရန်ဖရီးဂိတ်စစ်သင်္ဘောနှစ်စင်း ပါဝင်ဆင်နွှဲ

**တီဟီရန် ဇူလိုင် ၃၀**

ရုရှားနိုင်ငံ၏ ရေတပ်နေ့ အထိမ်းအမှတ်အဖြစ် စိန့်ပီတာစဘတ်မြို့၌ ဇူလိုင် ၃၀ ရက်တွင် ကျင်းပသည့် စစ်ရေးပြအခမ်းအနားတွင် အီရန်နိုင်ငံမှ ဖရီးဂိတ်စစ်သင်္ဘောနှစ်စင်းပါဝင်ဆင်နွှဲခဲ့ကြောင်း အီရန်နိုင်ငံ၏ တက်စ်နင်သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ၏ ရေတပ်နေ့အထိမ်းအမှတ် အခမ်းအနားတွင် ကက်စပီယန်ပင်လယ်တွင် အခြေစိုက်သည့် အီရန်ရေတပ်၏ မြောက်ပိုင်းရေယာဉ်စုပိုင် ကမန်အမျိုးအစား ဖရီးဂိတ်စစ်သင်္ဘောများက ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးပြ အခမ်းအနားတွင် စစ်မှုထမ်း ၃၀၀၀ နီးပါးနှင့်အတူ သင်္ဘော၊ လှေနှင့် ရေငုပ်သင်္ဘော စသည့် ရေယာဉ်ပေါင်း ၄၅ စင်း ပါဝင်ဆင်နွှဲခဲ့ကြောင်း ကရင်မလင်က ကြေညာခဲ့သည်။ ပြီးခဲ့သည့်နှစ်က ကျင်းပသည့် ရေတပ်စစ်ရေးပြအခမ်းအနားတွင် သင်္ဘော၊ လှေနှင့် ရေငုပ်သင်္ဘော အစင်းရေ ၄၂ စင်းနှင့် စစ်မှုထမ်း ၃၅၀၀ ကျော်တို့ ပါဝင် ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အီသီယိုးပီးယားနိုင်ငံ၌ ကာလဝမ်းရောဂါကူးစက်ခံရသူ ၄၀၀၀ ကျော်ရှိလာ

**အဒစ်အဘာဘာ ဇူလိုင် ၃၀**

၂၀၂၂ ခုနှစ်ဩဂုတ်လတွင် အီသီယိုးပီးယားနိုင်ငံ၌ စတင်ခဲ့သည့် ကာလဝမ်းရောဂါသည် နိုင်ငံအတွင်းရှိ ခရိုင် ၄၂ ခုသို့ ပျံ့နှံ့သွားပြီး လူပေါင်း ၄၀၀၀ ကျော် ကူးစက်ခံရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

ဒေသတွင်း ကာလဝမ်းရောဂါ ခံစားရသော ဒေသများကို ပံ့ပိုးကူညီရန် အီသီယိုးပီးယားအစိုးရသည် မိတ်ဖက်အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပံ့ပိုးပေးနေသည့် အကူအညီများတွင် မုန်တိုင်းဒဏ်ခံဒေသများသို့ နည်းပညာကျွမ်းကျင်သူများ စေလွှတ်ခြင်းနှင့် ကာလဝမ်းရောဂါဖြစ်ပွားမှုစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး သင်တန်းများပေးခြင်းတို့ ပါဝင်သည်။

ဝမ်းရောဂါကူးစက်ခံရသူများအား ထိထိရောက်ရောက်ကုသရန် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို အီသီယိုးပီးယားဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား ဆက်လက်မျှဝေပေးသွားရန် အစီအမံများ ချမှတ်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အီသီယိုးပီးယားနိုင်ငံသည် ပဋိပက္ခနှင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများနှင့်အတူ ကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ဆက်လက်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)က ယခုလအစောပိုင်းတွင် သတိပေးပြောကြားသည်။

ယာယီနေထိုင်စရာနေရာများ၊ လိုအပ်သည့်လူသုံးကုန်ပစ္စည်းများနှင့် ရေအပါအဝင် အသက်ကယ်ထောက်ပံ့မှုများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများက ပံ့ပိုးပေးလျက်ရှိကြောင်း ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ ဟီဘေပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း နှစ်သောင်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**ရှီဂျီယာရွှန်း ဇူလိုင် ၃၀**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေပြည်နယ်၏ မြို့တော် ရှီဂျီယာရွှန်းမြို့တွင် တိုင်ဖွန်းမုန်တိုင်းဒေါ့ဆူရီကြောင့် ဇူလိုင် ၂၇ ရက်မှစတင်ကာ ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လူပေါင်း ၂၀၆၅၆ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းဒေါ့ဆူရီသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ငါးကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်ကြောင်း သိရသည်။



ဇူလိုင် ၂၇ ရက် ည ၈ နာရီမှစတင်ကာ ဇူလိုင် ၃၀ ရက်နံနက် ၆ နာရီအထိ ဟီဘေပြည်နယ်၏ ဒေသအများအပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ပြည်နယ်အတွင်းရှိ မိုးလေဝသစောင့်ကြည့်ရေးစခန်းများ၏ ခန့်မှန်းချက်အရ မိုးရေချိန်မှာ မီလီမီတာ ၄၀၀ ကျော်ရှိကြောင်း သိရသည်။

မိုးသက်မုန်တိုင်း ဆက်လက်တိုက်ခတ်မည်ဟု ခန့်မှန်းထားခြင်းကြောင့် ပြည်နယ်ရေကြီးမှု ထိန်းချုပ်ရေးဌာနချုပ်က တိုင်းဖွန်မုန်တိုင်း အရေးပေါ်တုံ့ပြန်မှုအဆင့်(၂)မှ ဇူလိုင် ၃၀ ရက်နံနက်ပိုင်းတွင် အဆင့်(၁)သို့ တိုးမြှင့်သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်နွှယ်သော ဖြစ်ရပ်များကြောင့် အနည်းဆုံး ၁၄ ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၃၀**

ပါကစ္စတန်နိုင်ငံ၏ ဒေသအနှံ့အပြားတွင် မိုးရွာသွန်းမှုနှင့် ဆက်နွှယ်သောဖြစ်ရပ်များကြောင့် ပြီးခဲ့သည့်နှစ်ရက်အတွင်း အနည်းဆုံး ၁၄ ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ငါးရက်ဆက်တိုက် သည်းထန်စွာရွာသွန်းသောမိုးကြောင့် နိုင်ငံတစ်ဝန်းရှိ ဒေသများ အထူးသဖြင့် တောင်တန်းဒေသများတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ပါကစ္စတန်မိုးလေဝသဌာနကလည်း အနီရောင်သတိပေးချက်ထုတ်ပြန်ထားပြီး နိုင်ငံ၏အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဇူလိုင် ၃၀ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ရေကြီးမှုနှင့် မြေပြိုမှုများလည်းဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ အဆိုအရ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် အိမ်ခြေစုစုပေါင်း ၈၀၄ အိမ်လုံးဝပျက်စီးခဲ့ကာ တိရစ္ဆာန်ကောင်ရေ ၄၄ ကောင်သေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၂၅ ရက်မှစတင်ကာ လက်ရှိအချိန်အထိ အနည်းဆုံး လူပေါင်း ၁၆၉ ဦးသေဆုံးခဲ့ပြီး ၂၅၆ ဦးဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် လူနေအိမ်ခြေ ၁၄၀၄ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၃၇၄ ကောင်သေဆုံးခဲ့ကြောင်းသိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

လှည်းကူး ဇူလိုင် ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရွာတန်းရှည် ကျေးရွာသို့ ဇူလိုင် ၂၉ ရက်က သွားရောက်ကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများမှ ကျေးလက်ဒေသလုပ်ငန်းများကို တင်ပြရာ အမြဲတမ်းအတွင်းဝန်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မိုးစပါးစိုက်သည့် တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှည်းကူး မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၃ ခုကို ငွေကျပ် ၂၅၃ ဒသမ ၆၉၇ သန်း၊ ကျေးလက်ကုန်ထုတ်လမ်းခြောက်ခုကို ငွေကျပ် ၃၆၁ ဒသမ ၅၁၇ သန်း၊ Box Culvert နှစ်စင်းကို ငွေကျပ် ၁၇ သန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း တစ်ယူနစ်ကို ငွေကျပ်သန်း ၃၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း ရှစ်ခုကို ငွေကျပ် သန်း ၁၂၀ နှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်း (၃)ကြိမ်ကို ငွေကျပ် ၅ ဒသမ ၅ သန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် LG Chem Polyoletin Elastomer ကီလိုဂရမ် ၂၂၅၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် YR Charging Flash Light အခု ၈၀၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၀၈၃၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၉၀၈၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေး-မူဆယ်ကားလမ်း မိုင်တိုင်အမှတ် (၂၁)မိုင် (၄)ဖာလုံ၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Baowan Water Pump



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလုံး ၂၁၀ အပါအဝင် ရှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၃၈၀၁)၊ အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၂၅၃၈၀၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၁၆၂၁၀၁)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မှော်ဘီမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းသို့ တက်ရောက်ရမည့် သင်တန်းသား သင်တန်းသူများအား စိစစ်ရွေးချယ်

မှော်ဘီ ဇူလိုင် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဇူလိုင် ၂၆ ရက်တွင် မှော်ဘီမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု အမောက်ဝဲစံပြကျေးရွာ၌ စီမံကိန်းအစီအစဉ်ဖြင့်ဖွင့်လှစ်မည့် အခြေခံစက်ချုပ်သင်တန်းသို့ တက်ရောက်ရမည့် သင်တန်းသား သင်တန်းသူများအား စိစစ်ရွေးချယ်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရွေးချယ်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဇော်ထွန်းက အမောက်ဝဲစံပြကျေးရွာတွင် အသေးစား ထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းစဉ်(၆)အရ ဖွင့်လှစ်မည့် အခြေခံစက်ချုပ်သင်တန်းသို့ တက်ရောက်ရမည့် သင်တန်းသား သင်တန်းသူများကို စီမံကိန်းလက်စွဲပါ သင်တန်းသားသတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ပြီး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များကို စီမံကိန်းအကျဉ်းချုပ်နှင့် စီမံကိန်းလက်စွဲစာစောင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဟုမ္မလင်းမြို့နယ်၌ မိုးသီးနှံ ၃၉၄၂၃ ဧက စိုက်ပျိုးနိုင်ခဲ့

ဟုမ္မလင်း ဇူလိုင် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှု ၃၉၄၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် နှံစားသီးနှံလျာထား ၆၄၄၄ ဧက၊ ပဲအမျိုးမျိုး ၂၆၇ ဧက၊ ဆီထွက်သီးနှံ ၁၈ ဧကနှင့် စက်မှုသီးနှံများ ၈၃၇၂ ဧက၊ ကွမ်းသီးနှင့်ကွမ်းရွက် ၂၈၈ ဧက၊ ဟင်းခပ်အမွှေးအကြိုင် ၁၈၅ ဧက၊ အခြားစားသုံးပင်သီးနှံမှာ အာလူး၊ ကော်ဖီ၊ လက်ဖက်၊ အုန်း၊ သစ်သီးပင်များ စသည့် စုစုပေါင်း ၁၃၅၉၁ ဧက၊ ကြယ်ပဲ(ပရဆေး)၁၅ ဧက၊ အခြားစားသုံးပင် ၄၂၂၆ ဧကရှိပြီး မိုးသီးနှံဧက ၉၁၃၈၆ လျာထားပြီး မိုးစပါးစိုက်ပျိုးပြီးစီးမှု ၁၂၂၄၇ ဧကနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးဧကပေါင်း ၃၉၄၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရာခိုင်နှုန်းမှာ ၄၃ ဒသမ ၁၄ ဖြစ်ကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၇-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရွှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ တင့်တယ်ခမ်းနား ရုပ်ပွားတော်မြတ်ကြီးနဲ့အတူ အေးချမ်းပါစေဗုဒ္ဓမြေ
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'ဂန္ထဝင်ဟာသအနုပညာရှင် မိုးဒီ'(အပိုင်း-၃)
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဗိုင်းဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'(အပိုင်း-၃၅)
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ 'New Future Program'
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မာယာမျက်နှာဖုံး' (အပိုင်း-၂၅)
- ၁၉:၃၀ တည်ထားပူဇော်သဒ္ဒါမိပတိ ငါ်းလောင်းတော်
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်အောင်မြင်မှုအထိမ်းအမှတ် 'အဥ္စလိအငြိမ့်' ဖျော်ဖြေတင်ဆက်မှု

### mitv

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Travel To The Southern Part of Shan State (Kalaw)
- 07:25 Mural Painting Bagan
- 07:37 Star Bean Production
- 08:01 News
- 08:26 ASEAN Women Entrepreneurship: Cambodia
- 08:37 Sayit-wyne Girls
- 09:01 Daytamotbarat Sasana Land 1
- 09:23 Five-Star Ocean Liners in Myanmar Waters
- 10:01 News
- 10:32 Myanmar Puppeteers (Duet Dance)
- 11:01 Traditional Snacks

### MRTV NRC

- ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀) ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး
- မွန် (၀၇:၀၀ မှ ၀၉:၀၀) လုံချည်နွေးထွေးအရိပ်ပေးမွန်တို့ရှိရာ အိမ်ကလေး
- ရခိုင် (၀၉:၀၀ မှ ၁၁:၀၀) မျိုးဝက်တင့်စေယဉ်ကျေးမှုအမွေ
- ရှမ်း (၁၁:၀၀ မှ ၁၃:၀၀) 'တိုင်းမောဝ်' မောရှမ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
- ဝ (၁၃:၀၀ မှ ၁၅:၀၀) သွေးချင်းတို့ရဲ့ရှိုးရာယဉ်ကျေးမှုများဆီသို့
- ကချင် (၁၅:၀၀ မှ ၁၇:၀၀) ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၅)
- ကယား (၁၇:၀၀ မှ ၁၉:၀၀) ကယားအမျိုးသားတို့၏ အဲ့ဒိုပေါ်မီအကအကြောင်း
- ဝကောကရင် (၁၉:၀၀ မှ ၂၀:၀၀) ဝုံးအစပ်ချက်နှင့် သခွတ်ပွင့်သုပ်
- အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀) ကရင်ဖြူရွာကလေးရဲ့ခေါင်ရည်အို
- အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) ဘုရင့်ညီဝူသို့အလည်သွားကြရအောင်
- ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀) ဓာတ်တော်ချိုင့်ရေတံခွန်သို့ အလည်တစ်ခေါက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ တိုင်းပြည်ကောင်းကျိုး မြတ်နိုးပူဇော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ 'PR SYSTEM' ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)
- ၁၈:၀၀ Economic review (အပိုင်း-၁၃)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ တူယဉ်လက်တွဲရှေ့သို့လှမ်းချီ တောင်သူအခြေပြု
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၅၅ လယ်လုပ်သူတို့ပျော်ရွှင်ချိန်
- ၀၈:၁၅ ဂျူးစိုက်မြေသို့ ခရီးတစ်ခေါက်
- ၀၈:၅၀ တောင်သူများ အကျိုးစီးပွားအားထားပဲစင်းငုံစိုက်ပျိုး ထုတ်လုပ်မှုစွမ်းအား
- ၀၉:၂၅ တောင်သူအကျိုးမြှင့်ဖို့ရာ ရိတ်သိမ်းချိန်လွန်နည်းပညာ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကတ်ဘောအက်ဆေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၂၉ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် စက်မြေရပ်ကွက်နေ "Lae Lae" အကောင့်ပိုင်ရှင်ဖြစ်သူ လဲ့လဲ့ဝင်းနှင့် "Yan Naing" အကောင့်ပိုင်ရှင်ဖြစ်သူ ရန်နိုင်တို့ နှစ်ဦးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ "U Yan Naing" အကောင့်ပိုင်ရှင်ဖြစ်သူ ရန်နိုင်နှင့် "Moe Myint San" အကောင့်ပိုင်ရှင်ဖြစ်သူ မိုးမြင့်စံ(ခ)စံစံတို့ နှစ်ဦးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၂၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက် နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၂၉၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### ❖ ပွင့်ဖြူမြို့နယ်မှ

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဆီထွက်သီးနှံစုံစိုက်ဧက လျာထားမှုအနေဖြင့် မြေပဲ ၂၉၃၃ ဧက၊ နှမ်း ၆၆၈၅ ဧက၊ နေကြာ ဧက ၉၂၀၊ စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၀၅၃၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့အထိ မြေပဲသီးနှံ ဧက ၈၄၀၊ နှမ်း ၁၃၃၉၅ ဧက၊ နေကြာ ၃၉၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၄၆၂၇ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်း စားရေရိက္ခာ ဖူလုံစေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မိုးစပါးသီးနှံ ၆၉၉၄၃ ဧက၊ ဖူးစားပြောင်း ၁၂၈၂ ဧက၊ နှံစားပြောင်း ဧက ၂၀၊ ပဲမျိုးစုံသီးနှံ ၉၃၂၆ ဧက၊ ဆီထွက်သီးနှံစုံ ၁၀၅၃၈ ဧက၊ ဝါသီးနှံ ဧက ၅၀၀၀၊ ကြံ ၈ ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ငရုတ်စို ၄၀၄ ဧက၊ အခြား စားသုံးသီးနှံ ဧက ၃၉၀၀၊ ကျွဲနွားတိရစ္ဆာန်အစာပင် ၂၉၁၇ ဧက၊ အထွေထွေသီးနှံ ၉၈၁ ဧက၊ အစေ့ကျားကြက်ဆူ ၂၅ ဧက စုစုပေါင်း ၁၀၄၈၇၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အထိ မိုးသီးနှံစုံဧက ၆၀၇၀၅ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## လေးမျက်နှာမြို့နယ် လမ်းတံတားများအား ကွင်းဆင်းစစ်ဆေး

**လေးမျက်နှာ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုးကုတ်(စိန်တောင်) တံတားဆောက်လုပ်နေမှုနှင့် စောပြာ-လှော်ကထားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား ယမန်နေ့ မွန်းလွဲပိုင်း၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွဋ်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ ဦးစီးအရာရှိ(မြို့ပြ) ဦးမောင်မောင်မိုးဝင်းတို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၄၀၅ သန်းဖြင့် ရုံးချုပ်တံတားတည်ဆောက်ရေးဌာနခွဲက တာဝန်ယူဆောက်လုပ်လျက်ရှိသော မိုးကုတ်(စိန်တောင်) တံတားအား ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမြင့်လင်းနှင့် ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းတို့က ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၀၀ ဒသမ ၈၃၂ သန်းဖြင့် လေးမျက်နှာမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော စောပြာ-လှော်ကထားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၏ ပစ္စည်းစုဆောင်းထားမှုနှင့် ရန်ပုံငွေရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၆၅ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၀ | ၂၅၅၀ | ၃၀၀၀ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၀၀ | ၂၃၇၅ | ၂၄၇၅ | ၂၄၉၀ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၀ | ၃၁၀၀ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၅၄၀ | ၂၅၃၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၇၅ | ၂၇၀၅ | ၃၁၆၀ |
| HSD (10 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၅၄၀ | ၂၅၃၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၇၅ | ၂၇၀၅ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၃ | ၂၀၉၉ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၀၉၉ | ၂၂၇၃ |
| HSD (50 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (10 ppm) | ၂၂၇၃ | ၂၃၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပေါက်တောမြို့နယ်အတွင်း စူပါဘိုကာရှီ သဘာဝဓာတ်မြေဩဇာပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**ပေါက်တော ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဦးဆောင်၍ ကျေးရွာများရှိ တောင်သူများအသုံးပြုနိုင်ရေးအတွက် စူပါဘိုကာရှီ သဘာဝဓာတ်မြေဩဇာပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက နတ်တောင်ပြင်ကျေးရွာတွင် ကျင်းပသည်။

ဦးစွာ ဗိုလ်မှူးချုပ်ဆန်နီအုန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားများပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်သန်းဌေးက စူပါဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲရခြင်း၏ အကျိုးကျေးဇူးများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် စူပါဘိုကာရှီ သဘာဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြပွဲကို ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ဆွေအေးနှင့် ဝန်ထမ်းများက စူပါဘိုကာရှီ သဘာဝဓာတ်မြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့ကြပြီး တောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

**Unit : 3 Past events**

**Lesson 2 : The Lady with the Lamp**

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| time | time | go | after | did |
| know | What | at | do | do |

**Toe Toe:** Hi Nyo Nyo, did you (1)________ homework last night?

**Nyo Nyo:** Yes, I (2)________. I did a lot of homework.

**Toe Toe:** And you? What did you do?

**Nyo Nyo:** I didn't (3)________ any homework because my family visited our grandparents' house.

**Toe Toe:** When did you (4)________ there?

**Nyo Nyo:** We went there at about 6 p.m.

**Toe Toe:** When did you come back home?

**Nyo Nyo:** We arrived home (5)________ about 10 p.m.

**Toe Toe:** (6)_______ time did you go tobed?

**Nyo Nyo:** At 10: 30. So I had no (7)_______ to do homework.

**Toe Toe:** Now, you have (8)________ to do homework.

**Nyo Nyo:** Yes, I will.

**Toe Toe:** Today, where are you going (9)_______ school?

Nyo Nyo: No, I don't (10) _______. It depends on my parents.

*********************

Writing

(A)Fill in the blanks with a suitable word form.

1. Myanmar is (fame) ___________ for the Shwedagon Pagoda.
2. They have three (child) _________.
3. I like the movie. It is (fun) __________.
4. What is your date of (bear) _________?
5. What is your (nation) ________?

**(B) Supply the correct form of the verb given the brackets.**

(1) (become) When I grow up, I want to _____ a doctor and help people.

(2) (call) My name is Tun Tun Aung. My friends _________ me Tun Tun.

(3) (fly) The paper airplane _____ across the room when I threw it.

(4) (want) What do you _____ to eat for lunch?

(5) (care) My mother and aunt ________ me when I was sick.

(6) (use) When we draw a straight line, we ________ a ruler.

(7) (help) Zaw Zaw is a kind person. He always ________ other people.

(8) (work) My mom _______ all day in the office today.

(9) (jump) The cat _______ onto the chair to catch the toy mouse.

(10) (have) Can I ________ another piece of cake, please?

*********************

## Grade 6

**Unit 3**

**Lesson 1: Talking about your city**

**I. Complete the sentences with the words given below.**

| | | | |
|---|---|---|---|
| airport | gym | park | playground |
| restaurant | supermarket | hotel | |
| museum | bank | library | |

1. Children can play at the ________.
2. We can do physical exercise at the _______.
3. We can stay and have meals at the ______.
4. We can see planes arrive and leave at the _______.
5. We can save or borrow money at the ________.
6. We can walk, play and relax at the________.
7. We can buy and eat a meal at the ________.
8. We can see objects of artistic, cultural or historical interest at the _________.
9. We can buy food, drinks, household items, etc. at the _________.
10. We can borrow books or read at the_______.

**II. Supply the correct form of the verbs given in brackets.**

1. (talk) We can ___ about our favorite hobbies.
2. (ask) She ___ her mom for permission to go outside and play.
3. (answer) I always ___ the questions in class.
4. (do) They ___ their best in the competition.
5. (buy) They ______ a new car last month.
6. (stay) They _____ at a beautiful resort for their vacation.
7. (have) She _____ a cat as a pet.
8. (save) I am _______ for a new bike.
9. (see) I ______ them on the bus this morning.
10. (arrive) My brother ______ back home late yesterday.
11. (leave) She _______ for school at 8 o'clock every morning.
12. (borrow) Can I ______ your correction pen?
13. (walk) We _____ in the neighborhood at present.
14. (play) They _________ football now.
15. (relax) I _____ on the beach during our vacation.
16. (eat) Does she _____ beef?

*********************

## Grade 7

**Unit : 2**

**Lesson 4 : What do you usually do at weekends?**

**(A) အလေ့အထကောင်းနှင့် မကောင်းသော အမူအကျင့်များကို ရွေးချယ်ပါ။**

| | | | |
|---|---|---|---|
| 1. | cleaning | သန့်ရှင်းရေးလုပ်ခြင်း | a good habit |
| 2. | littering | အမှိုက်ဖွခြင်း | ___________ |
| 3. | eating chocolate | ချောကလက်စားခြင်း | ___________ |
| 4. | staying late | အိပ်ရာနောက်ကျမှဝင်ခြင်း | ___________ |
| 5. | smoking | ဆေးလိပ်သောက်ခြင်း | ___________ |
| 6. | getting into fights | ရန်ပွဲများတွင်ပါဝင်ခြင်း | ___________ |
| 7. | boasting | ကြွားဝါခြင်း | ___________ |
| 8. | smiling | ပြုံးပြခြင်း | ___________ |
| 9. | eating a healthy diet | ကျန်းမာရေးနှင့်ညီညွတ်အောင်စားခြင်း | _________ |
| 10. | picking your nose | နှာခေါင်းနှိုက်ခြင်း | ___________ |

(B) Write a paragraph on your weekend activities.

My weekend activities

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

++++++++++++++

## Grade 8

**Unit : 3**

**Lesson 1: Which activity do you like doing most?**

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. I need to take some notes. Can I b_______ your pen?
2. She used soft, colorful y______ to knit a cozy scarf for the winter.
3. W_____ is a traditional Chinese martial art.
4. Painting has colours and forms. D_________ has lines and shapes.
5. She wore a warm w________ sweater to stay cozy in the cold weather.
6. The mechanic carried a t________ with various tools for repairing cars.
7. She enjoys c_______ delicious meals for her family using fresh ingredients.
8. The school b_________ performed at the annual concert, showcasing their musical talents.
9. K______ is a relaxing hobby that allows you to create beautiful garments and accessories.
10. I really enjoy sitting on the beach. It is r______.
11. S_________ includes camping, woodcraft, aquatics, hiking, backpacking, and sports.
12. The zoo is an i_________ place to see different animals from all around the world.
13. I l_________ him 10000 Ks this morning.
14. C________ is a fun and energetic activity where participants perform exciting routines to support their team.
15. K____________ is a Japanese martial art.

**II. Supply the correct form of the words given in brackets.**

1. The _________ (cheerleading) wore bright and colorful uniforms as they danced and chanted to support their school's football team.
2. The bank offers advice to _______(borrow) and savers.
3. The ________ (instruct) taught the students how to play the guitar.
4. Sitting on the beach is ________ (relax) for me.
5. My aunt really enjoys ___________ (knit).
6. The teacher gave me a pencil _________ (sharpen) to use during the exam.
7. I have a beautiful blue _________(wool) sweater.
8. This is the _________(interesting) story I have ever read.
9. My friend is a talented_______ (paint) who specializes in creating stunning portraits.
10. She skillfully weaved yarn into a cozy scarf. She is a great ________ (knit).
11. My sister is not a good _________ (cook). I don't like her cooking.
12. I enjoy spending my free time ________ (draw) nature scenes.
13. His uncle is a famous volleyball ________ (play).
14. Maung Gyi is a solo ________ (violin) of our school band.
15. Her main ____________ (interest) are music and tennis.

**III. Supply the correct form of the verbs given in brackets.**

1. (do) I ____ homework when the light went out.
2. (knit) Sitting by the fireplace, mother _______ a cozy scarf for the upcoming winter season.
3. (cook) Daw Lay _____ a special meal for the family right now.
4. (play) We sometimes _____ hide and seek.
5. (draw) He always _______nature scenes.
6. (paint) Look! He ____ a picture of the sunset.
7. (stitch) Every sequin ______ on by hand last night.
8. (borrow) I _____ some books from the library yesterday.
9. (lend) Can you _____ me a correction pen?
10. (instruct) The professor _____ the students how to solve mathematical equations when I came in.
11. (use) He ____ the phone since I arrived here.
12. (enjoy) I _____ listening to music in my free time.

**IV. Fill the gaps with 'borrow' or 'lend' in the correct form.**

1. Can I ________ your pencil for a moment?
2. May I ________ you my notebook?
3. I need to _______ a book from the library.
4. Could you ________ me a hand with this heavy box?
5. She always ______ her sister her clothes.
6. I forgot my calculator at home. Can I ____ yours?
7. Can you ______ me your phone charger? Mine is not working.
8. My friend ______ my umbrella yesterday because it was raining.
9. I am happy to _____ you my bicycle for the weekend.
10. Could you please ______ me some money? I forgot my wallet.
11. I like to ______ CDs from the music library.
12. My neighbor _____ me a cup of sugar when I ran out.
13. Can I ______ your car for a short trip?
14. I always ______ my sister my car when she needs it.
15. He _________ my headphones to listen to some music.

*********************

## Grade 9

### Unit 3
### Lesson 1 : Do you have any holiday plans?

**A. Choose the correct answer: "do" or "make".**

1. Mom _________ breakfast for us.
2. Let's _________ our homework together.
3. Can you _________ a funny face?
4. I want to _________ a drawing of my family.
5. Dad _________ a paper airplane for me.
6. We should _________ our chores before playing.
7. Let's _________ a puzzle and solve it.
8. I like to _________ sandcastles at the beach.
9. Can you _________ a funny noise like a bird?
10. Grandma _________ delicious cookies for us.
11. Can you _________ a silly face in the mirror?
12. Let's _________ a dance together.
13. I can _________ a drawing of my favorite animal.
14. Mom _________ a special cake for my birthday.
15. Can you _________ a sandwich for lunch?
16. Let's _________ some exercises to warm up.
17. I need to _________ my laundry this weekend.
18. Let's _________ our best on the test.
19. She _________ a lot of noise when she plays the piano.
20. Let's _________ a project together for school.

**B. Complete the following sentences with the appropriate colocations given below.**

| | | |
|---|---|---|
| travel widely | travel freely | travel light |
| travel agency | travel plan | travel arrangements |
| travel costs | | |

1. My dream is to _________ and explore famous landmarks around the world.
2. My parents went to a _________ to get information about their upcoming trip.
3. My mom took care of all the _________ , including booking flights and hotels.
4. When we travel, it's better to _________ and pack only the essentials.
5. My parents saved money for months to cover the _________ of our family trip.
6. The _________ includes the dates, destinations, and activities we want to do during our trip.
7. With a valid passport, you can _________ to many countries around the world.

**C. Complete the following sentences with the appropriate colocations given below.**

| | |
|---|---|
| go on holiday | take a holiday |
| book a holiday | wonderful holiday |
| disastrous holiday | holiday destination |
| holiday photos | holiday season |

1. We need to _________ a holiday in advance to secure the best deals on flights and accommodations.
2. The beach vacation was an _________ holiday, with swimming and building sandcastles.
3. We took lots of holiday _________ during our trip to the beach
4. I love the holiday _________ because it's a time for family gatherings and exchanging gifts.
5. My family is discussing different holiday _________ for our summer vacation.
6. Unfortunately, our camping trip turned into a _________ holiday when it started raining heavily and our tent got flooded.
7. My friend invited me to _________ holiday to a beautiful mountain resort.
8. After working hard for many months, it's important to _________ a holiday to relax and recharge.

**D. Complete the dialogue with the words given below.**

| | | |
|---|---|---|
| playing | great | on |
| pack | summer | bring |
| wait | excited | |

**Myo Myo:** Hi, Soe Soe! Where should we go _____(1)_____ our holiday this year?

**Soe Soe:** How about going to the beach? I love playing in the sand and swimming in the ocean.

**Myo Myo:** That sounds _____(2)_____ ! Which beach do you want to go to, Ngwe Saung or Chaung Tha?

**Soe Soe:** Let's go to a beach with warm water and lots of sunshine.

**Myo Myo:** Oh, Chaung Tha Beach sounds perfect! When should we go?

**Soe Soe:** Let's go during our _____(3)_____ break. How about the last week of April?

**Myo Myo:** That works for me! We should _____(4)_____ our swimsuits, towels, and sunscreen, right?

**Soe Soe:** Yes, definitely! We should also _____(5)_____ beach toys, like a bucket and a shovel.

**Myo Myo:** Great idea! I can't _____(6)_____ to build sandcastles together. We should also bring snacks and drinks.

**Soe Soe:** Absolutely! It will be so much fun to have a picnic on the beach. I'm really _____(7)_____ for our beach holiday.

**Myo Myo:** Me too. I'm looking forward to _____(8)_____ in the waves and collecting seashells.

**E. Answer the questions about <u>a holiday you took.</u>**

1. Where did you go on holiday?
______________________________________________.
2. When did you go on your holiday?
______________________________________________.
3. What did you do on your holiday?
______________________________________________.
4. Who did you go on holiday with?
______________________________________________.
5. Why did you want to go on holiday?
______________________________________________.
6. How did you travel to your holiday destination?
______________________________________________.
7. What was your favorite thing about your holiday?
______________________________________________.
8. Where did you stay during your holiday?
______________________________________________.
9. How long did your holiday last?
______________________________________________.
10. What was the best thing you saw or did on your holiday?
______________________________________________.

****************************

## Grade 12

### Unit 3 DIET AND NUTRITION

**I.Complete the sentences with the appropriate words. The initial words are given.**

(10 marks)

1. Eating a variety of fruits and vegetables every day is important for good n_____.
2. A balanced d_______ includes foods from all the different food groups like fruits, vegetables, grains, protein, and dairy.
3. Getting enough sleep at night is essential for a h_______ mind and body.
4. Learning the alphabet is a f_______ step in reading and writing.
5. A_______ flowers are made to look like real flowers, but they are not natural.
6. Potato chips and cookies are examples of p_______ foods because they are made in a factory.
7. High levels of c_______ in the blood can increase the risk of heart disease.
8. White bread and white rice are examples of r_______ foods because they have been processed to remove the outer layer of the grain.
9. Eating nutritious foods and getting enough sleep can help strengthen our i_______ system and keep us healthy.
10. D_______ is the process of cutting down trees in large numbers.
11. A rainforest has high b_______ because it is home to many different species of plants and animals.
12. An i_______ disease is a sickness that can be spread from one person to another.
13. Pollution from factories and cars can contribute to environmental d_______ by releasing harmful substances into the air and water.
14. G_______ provide us with energy and are an important part of a balanced diet.
15. Foods like bread, pasta, and potatoes are rich in c_______.

**II.Choose the appropriate words or phrases to complete the sentence. (10 marks)**

1. You __________ try new hobbies or activities to explore your interests and broaden your horizons.
   A. must B. should C. can
2. The dog __________ tail is wagging is very friendly.
   A. who B. whose C. which
3. I made my little brother _______ by telling him a funny joke.
   A. to laugh B. laugh C. laughing
4. I won't go to the donation ceremony ___________ my best friend is also attending.
   A. until B. unless C. after
5. He felt jealous _______ his classmate who always got top grades in exams.
   A. of B. about C. with
6. Drinking milk is a __________ way to strengthen your bones and get important nutrients like calcium and vitamin
   A. nutrition B. nutritious C. nutritionists
7. One of the teacher's ___________ is to read for at least 20 minutes every day to improve your vocabulary and reading skills.
   A. recommend B. recommended C. recommendations
8. Doctors and nurses work in __________ facilities like hospitals and clinics to help people who are sick or injured.
   A. medical B. medicinal C. medicine
9. Some illnesses, like the common cold, are _________ , which means they can spread from one person to another."
   A. infect B. infection C. infectious
10. Water is essential for our bodies, and regular _________ of water helps keep us hydrated and healthy.
    A. consumer B. consuming C. consumption

****************************

**Answers**

**Unit 3 DIET AND NUTRITION**

1. nutrition; 2. diet; 3. healthy; 4. fundamental; 5. Artificial; 6. processed; 7. cholesterol; 8. refined; 9. immune; 10. Deforestation; 11. biodiversity; 12. infectious; 13. deterioration; 14. Grains; 15. carbohydrates.

1. C. can 2. B. whose 3. B. laugh 4. B. unless 5. A. of 6. B. nutritious 7. C. recommendations 8. A. medical 9. C. infectious 10. Consumption

****************************



# ဂျူဗင်တပ်အသင်းကို ဥရောပကွန်ဖရင့်လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများကို ချိုးဖောက်ခဲ့တဲ့အတွက် ယူအီးအက်ဖ်အေက ဒဏ်ရိုက်ခဲ့တဲ့အပြင် ယခုဘောလုံးရာသီမှာ ကျင်းပမယ့် ဥရောပကွန်ဖရင့်လိဂ်ပြိုင်ပွဲမှလည်း ထုတ်ပယ်ခံခဲ့ရတယ်လို့ သိရပါတယ်။

**ဒဏ်ရိုက်**

ဥရောပဘောလုံးအဖွဲ့ချုပ် ယူအီးအက်ဖ်အေဟာ ပြည့်စုံမှုမရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ တင်သွင်းခဲ့တဲ့ ချယ်လ်ဆီးအသင်းကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းတွေ ချိုးဖောက်ခဲ့တဲ့အတွက် ဒဏ်ရိုက်ခဲ့တယ်လို့လည်း သိရပါတယ်။

အဲဒီလို ပြစ်ဒဏ်တွေချမှတ်ခဲ့ခြင်းဟာ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်အကြား ဖြစ်ပွားခဲ့တဲ့ ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုတွေနဲ့ ဆက်စပ်နေတယ်လို့လည်း ယူအီးအက်ဖ်အေက ပြောကြားခဲ့ပါတယ်။

ယူအီးအက်ဖ်အေဟာ ဂျူဗင်တပ်အသင်းကို ပေါင် ၁၇ ဒသမ ၁၄ သန်းနဲ့ ချယ်လ်ဆီးအသင်းကို ပေါင် ၈ ဒသမ ၅၇ သန်း အသီးသီးဒဏ်ရိုက်ခဲ့တာ ဖြစ်ပါတယ်။ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ အသင်းရဲ့အပြောင်းအရွှေ့ကိစ္စတွေ ကြားနာမှုခံယူခဲ့ရပြီးနောက် ပြီးခဲ့တဲ့ဘောလုံးရာသီက စီးရီးအေပြိုင်ပွဲမှာ ၁၀ မှတ်လျှော့ချခြင်းခံခဲ့ရတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ယူအီးအက်ဖ်အေက ဥရောပကွန်ဖရင့်လိဂ်ပြိုင်ပွဲကနေ ဂျူဗင်တပ်အသင်းကို ထုတ်ပယ်ခဲ့ပြီဖြစ်တာကြောင့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဥရောပပြိုင်ပွဲနဲ့လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

# ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ် ဆော်ပေါ်လိုအသင်းသို့ ပြောင်းရွှေ့

ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းသို့ နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့တယ်လို့ ဘရာဇီးစီးရီးအေကလပ် ဆော်ပေါ်လိုအသင်းက ပြောကြားခဲ့ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ဂရိကလပ် အိုလံပီယာကို့စ်အသင်းနဲ့ ဧပြီလအတွင်းက လမ်းခွဲခဲ့ပြီးနောက် လက်ရှိအချိန်မှာ ဆော်ပေါ်လိုအသင်းဆီကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၆ ခုနှစ်အတွင်းက ကိုလံဘီယာကလပ် အန်ဗီဂါဒိုအသင်းနဲ့အတူ စတင်ခဲ့ပြီး ဆော်ပေါ်လိုအသင်းဟာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်အတွက် ၁၀ သင်းမြောက်ကလပ်အသင်းကို ပြောင်းရွှေ့ခြင်းလည်း ဖြစ်ပါတယ်။



တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ကစားသမားဘဝတစ်လျှောက်မှာ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ အဲဗာတန်အသင်း၊ မိုနာကိုအသင်း၊ ပေါ်တိုအသင်း စတဲ့အသင်းတွေမှာလည်း ပါဝင်ကစားခဲ့သူ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်ကို သုံးဂိုးပြတ်အနိုင်ရ

အယ်လ်ကလက်စီကို ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ဇူလိုင် ၃၀ ရက်က အမေရိကန်နိုင်ငံမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ရာသီအကြိုခြေစမ်းပွဲစဉ်မှာ ဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

**ဂိုးအဖြစ်မပြောင်းလဲနိုင်**

အဲဒီခြေစမ်းပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ဒမ်ဘီလီ၊ ဖာမင်လိုပက်ဇ်နဲ့ ဖာရန်တောရက်စ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဘာစီလိုနာအသင်းနောက်တန်း ကစားသမား ရိုနယ်လ်အာရူဂျိုပင်နယ်တီဧရိယာထဲမှာ လက်ထိခဲ့လို့ ပင်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ပေမယ့် ဗီနီစီးယပ်စ် ဂျူနီယာရဲ့ ပင်နယ်တီကန်သွင်းချက်ဟာ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အာဆင်နယ်အသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ အာဆင်နယ်အသင်းကို ငါးဂိုး-



သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ မန်ယူအသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဩဂုတ် ၂ ရက်မှာ အေစီမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ အဲဒီနေ့မှာ ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

# ပြင်သစ်တိုက်စစ်မှူး စိန့်မက်ဇီမင် ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ရန် နယူးကာဆယ်အသင်းမှ ထွက်ခွာ

ပြင်သစ်တိုက်စစ်မှူး စိန့်မက်ဇီမင်ဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်အာလီအသင်းသို့ ပြောင်းရွှေ့ကစားရန် နယူးကာဆယ်အသင်းကနေ ထွက်ခွာခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး စိန့်မက်ဇီမင်ဟာ ယခုအပြောင်းအရွှေ့ကာလအတွင်း ဆော်ဒီပရိုလိဂ်ချန်ပီယံ အယ်လ်အာလီအသင်းသို့ ပြောင်းရွှေ့ခဲ့တဲ့ လေးဦးမြောက် ပရီမီယာလိဂ်ကစားသမားလည်း ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

အယ်လ်အာလီအသင်းဟာ ပရီမီယာလိဂ်ကလပ်အသင်းများမှ မာရက်ဇ်၊ ဖာမီနိုနဲ့ မန်ဒီတို့ကို ခေါ်ယူထားပြီးဖြစ်ပါတယ်။ စိန့်မက်ဇီမင်ဟာ ၂၀၁၉ ခုနှစ်အတွင်းက နိုက်စ်အသင်းကနေ နယူးကာဆယ်အသင်းကို ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး နယူးကာဆယ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၁၁ ပွဲ ပါဝင်ကစားခဲ့ကာ ပရီမီယာလိဂ်သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။



# ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆာဒီယိုမာနေး ဆွေးနွေးလျက်ရှိ



ဆာဒီယိုမာနေးဟာ လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာကာ ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ကစားဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ ဘိုင်ယန်မြူးနစ်အသင်းက ပြောကြားခဲ့ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမာနေးဟာ လက်ရှိအချိန်မှာ ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်နားဆားအသင်းရဲ့ ကမ်းလှမ်းမှုတွေ လက်ခံရရှိထားတယ်လို့ သိရပါတယ်။

ဆာဒီယိုမာနေးဟာ ပြီးခဲ့တဲ့နှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက လီဗာပူးအသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

ဆာဒီယိုမာနေးဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲစဉ် ၃၈ ပွဲမှာ သွင်းဂိုး ၁၂ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းကလည်း ဘွန်ဒက်လီဂါဖလားကို ၁၁ ကြိမ်ဆက်တိုက်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆာဒီယိုမာနေးပြောင်းရွှေ့ကစားဖို့ ပြင်ဆင်နေတဲ့ အယ်လ်နားဆားအသင်းဟာ လက်ရှိအချိန်မှာ ဘာလွန်းဒီအောငါးကြိမ်မြောက်ဆုရှင် စီရိုနယ်လ်ဒို၊ ခရိုအေးရှားကွင်းလယ်ကစားသမား မာဆယ်လိုဘရိုဇိုဗစ်၊ ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်နဲ့ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ဖိုဖာနာတို့ကိုလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၅၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"စ"အက္ခရာအထိ** အက္ခရာ (၆)လုံးနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆု ထီလက်မှတ်များကို **"ဆ"အက္ခရာမှ အစဉ်လိုက်"ဌ"အက္ခရာအထိ** အက္ခရာ(၆)လုံး စုစုပေါင်းအက္ခရာ(၁၂)လုံး ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၅၃၀၈.၇၀၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း ( ၃၇၁၆.၀၉၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၁၀၂.၅၅၀**) ကို ပြန်လည် ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | ( ၂ ) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၅ ) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | ( ၇ ) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၀) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၅) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၇) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | ( ၂၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | ( ၁၀၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | ( ၁၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၀၂.၅၅၀ )မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၂ ) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | ( - ) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | ( - ) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းအကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၅၃)ကြိမ်မြောက်ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို (၁-၈-၂၀၂၃) ရက်နေ့(အင်္ဂါနေ့)၊ နံနက်(၈) နာရီ အချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### အများပြည်သူသိရှိစေရန်

DGB Microfinance Myanmar Co.,Ltd. (အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ်- ၀၃၁၉/၂၀၁၉) ၏ (၂၀-၇-၂၀၂၃) ရက်နေ့တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် MR. JUNGWOOK LEE (P.P. No. M08268081) သည် ဒါရိုက်တာရာထူးမှ နုတ်ထွက်ပြီး၊ MR. HYOJU AN (P.P No. M44772367)အား ဒါရိုက်တာအဖြစ် ခန့်အပ်ပြီးဖြစ်ကြောင်း အသင်းသားများနှင့်တကွ အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**DGB Microfinance Myanmar Co., Ltd.**

### ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈
### အလုံခရိုင်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၂
### ကွယ်လွန်သူ မိခင် ဒေါ်ခင်လှလှ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

၁။ ဦးသန်းလွင်
(ကိုယ်တိုင်နှင့် လျှောက်ထားသူ ၂ ၏
ကိုယ်စားလှယ်စာရသူ)
၂။ ဒေါ်စိုးစိုးလွင်
} **လျှောက်ထားသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ်(၅၀)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်လှလှ၏ ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/C)၊ လူနေရပ်ကွက်အမှတ်(S 74)၊ မြေကွက်အမှတ်(၇၁)၊ မြေကွက်လိပ်စာအမှတ်(၅၀)၊ အောင်တော်မူလမ်း၊ စမ်းချောင်းမြို့နယ်၊ အလျား ၄၄ပေ/၄၇ပေ၊ ဖလက်မ x အနံ ၂၅ ပေ ဧက(၀.၀၂၆)ဧက၊ မြေအမျိုးအစား နှစ် ၆၀ မြေငှားဂရန်၏ အမည်ပေါက်(၉)ဦးတွင် အမှတ်စဉ်(၁) အမည်ပေါက် ဒေါ်ခင်လှလှ၏ ဝေစုပေါ်၌ အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးပါမည်အကြောင်းနှင့် ၎င်း၏ သားသမီးများဖြစ်သော ဦးသန်းလွင်၊ ဒေါ်စိုးစိုးလွင်တို့မှ အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်၊ (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၈ ရက်)နေ့တွင် ပစ္စည်းကို အကျိုးစီးပွားတစ်ခုခု သက်ဝင်စေမှုအဆိုရှိသူတို့သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူများ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာမောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**အလုံခရိုင်တရားရုံး**

### ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
### အလုံခရိုင်တရားရုံး
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၈
### ကွယ်လွန်သူ မိခင် ဒေါ်ခင်မြမြ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

၁။ ဒေါ်ခင်မေဇင်
၂။ ဒေါ်ခင်သင်ဇာ
၃။ ဒေါ်ခင်သီတာ
၄။ ဦးဌေးအောင်
၅။ ဒေါ်ခင်အေးလင်း
၆။ ဒေါ်ခင်မြင့်မူ (ကိုယ်တိုင်နှင့်
} **လျှောက်ထားသူများ**
လျှောက်ထားသူ ၁ မှ ၅ တို့၏ ကိုယ်စားလှယ်စာရသူ)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ်(၅၀)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်မြမြ၏ ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/C)၊ လူနေရပ်ကွက်အမှတ် (S 74)၊ မြေကွက်အမှတ် (၇၁)၊ မြေကွက်လိပ်စာအမှတ်(၅၀)၊ အောင်တော်မူလမ်း၊ စမ်းချောင်းမြို့နယ်၊ အလျား ၄၄ ပေ/၄၇ ပေ၊ ဖလက်မ x အနံ ၂၅ပေ ဧက(၀.၀၂၆)ဧက၊ မြေအမျိုးအစား နှစ် ၆၀ မြေငှားဂရန်၏ အမည်ပေါက်(၉)ဦးတွင် အမှတ်စဉ်(၂) အမည်ပေါက် ဒေါ်ခင်မြမြ၏ဝေစုပေါ်၌ အမွေထိန်းလက်မှတ်စာ ရရှိပြီးဖြစ်ကြောင်းနှင့် အဆိုပါပစ္စည်းနှင့်ပတ်သက်၍ ရောင်းချခြင်းအပါအဝင် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ခွင့်ပြုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၇ ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်မြမြ၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်စေမှုအဆိုရှိသူတို့သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့လာရောက်ရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူများ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာမောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**အလုံခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၈၊မြေကွက်အမှတ်-ပ/၇၇၊မြေကွက်တည်နေရာအမှတ်-ပ/၇၇၊ပြည်ထောင်စုလမ်း၊၃၈ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးသာဒင်(၉/မကန(နိုင်)၀၀၂၉၈၄)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်(ခင်ပွန်း)ဦးသာဒင်ကွယ်လွန်၍(ဇနီး)ဒေါ်လှလှ(၉/မကန(နိုင်)၀၀၂၉၈၅)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့်အခြားသောဇနီး/မိန်းမတစ်ယောက်မျှမရှိကြောင်း၊၎င်းသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးသာဒင်၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**မိဘမေတ္တာ**

**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊**
**တောင်ပိုင်း၊ မြောက်ပိုင်း**
**ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ**
**ဈေးကောင်းပေးဝယ်လိုသည်။**

**09 422 848 224**

**စာအုပ် စာပေ**
**လှူမိတ်ဆွေ**


### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/နောက်)ရပ်ကွက်၊ ဝေဇယန္တာ(၁၅)လမ်း၊ အမှတ်(၆၈၄/ခ)၊ ပေ(၂၀ x ၆၀) အကျယ်အဝန်းရှိ မိခင် ဒေါ်ပီပါရသီ ဂရန်အမည်ပေါက် အိမ်ခြံမြေအား သားသမီး (၅)ဦး ဖြစ်သော (၁) ဦးလှဝင်းညွှန့်[၁၂/သကတ(နိုင်)၁၂၆၁၆၈]၊ (၂) ဦးစေလာ[၁၂/သကတ(နိုင်)၁၂၆၁၆၃]၊ (၃) ဦးဂနေဆန်း[၁၂/သကတ(နိုင်)၁၂၆၁၆၆]၊ (၄) ဒေါ်ညိုညိုမာ[၁၂/သကတ(နိုင်)၁၂၆၁၆၇]၊ (၅) ဦးထွန်းရွှေမြင့် [၁၂/သကတ(နိုင်)၂၅၅၆၀၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းပြည့်ပြည့်အောင်[၁၂/သကတ(နိုင်)၁၆၇၅၃၀]မှ ဝယ်ယူလိုသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ ၎င်းခြံမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်း/အဝယ်ကိစ္စအတည်ဖြစ်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အိဇေယျာဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၆၃၅/၁၁-၉-၁၅)**
**အမှတ်(၄၁၅)၊ စိန်ပန်းလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-428029715, 09-969986803**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဟိုပင်လမ်းနှင့် ရွှေလရောင်လမ်းထောင့်၊ အမှတ်(၈၈၅)၊ ဦးရာမာဆန်းကား အမည်ပေါက်မြေချပါမစ်(မူရင်း)၊ အလျား(၄၀)ပေxအနံ(၆၀)ပေ အကျယ်အဝန်းအနက်မှ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးသဉ္ဇာလွင် [၁၂/လမန (နိုင်)၁၄၀၁၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဝတ်ရည် [၉/မကန(နိုင်)၀၈၁၁၆၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ပပခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၈၇၃)**
**အမှတ်(၅၇၈/က)၊ စိန်ပန်း(၈)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၂၀၇၈၀၊ ၀၉-၇၉၈၇၂၄၁၄၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ယုဇနလမ်းသွယ်၊ အမှတ်(N-၁၄)ဟုခေါ်တွင်သော သန်လျင်မြို့နယ်၊ ဦးပိုင်အမှတ်- N/၁၄(၄၉/၂ + က/၇-၁၈၅)၊ ကွင်းအမှတ်-၂၇၊ ကျိုက်ဗောဓိတောင်ကွက်၊ ဧရိယာ(၀. ၁၁၂)ဧကရှိ (၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးသန့်(ငြိမ်း) [၁၂/ဗတထ(နိုင်)၀၂၁၆၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချိုချိုမြင့် LL.B, D.B.L, D.I.L** | **ဦးဘိုဘိုထွန်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၉၄၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၆၅၃)** |

**အမှတ်- ၁၄၂၊ ပထမထပ်၊ ၃၉ - လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၅၅၁၄၆၉၊ ၀၉- ၇၉၅၂၅၅၃၅၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၆၈၃)ဟုခေါ်တွင်သော အမှတ်(၆၈၃)၊ ရသာရုံလမ်း၊(၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၆)ဧက ဒေါ်ကြူကြူစိုး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သောင်းရင် [၃/ကကရ(နိုင်)၀၀၆၈၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်း[၁၂/မဂတ(နိုင်)၀၅၀၂၀၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်မော် (LL.B, WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၈၁)**
**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၁၀၈၀၀၊ ၀၉-၆၇၃၉၅၈၉၈၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(အေ)၊ တိုက်အမှတ်(အေ-၄)၊ အခန်းအမှတ်-၂၂၂)၊ အခန်းအမျိုးအစား Type-B၊ အကျယ်အဝန်း(၉၀၅) စတုရန်းပေ** ရှိသော ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းအတွင်း၌ ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသူ **ဦးမျိုးမင်းဦး [၁/မကန(နိုင်)၀၈၃၃၉၆]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇) ရက်အတွင်း** ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြင့်မြင့်ခိုင် (LL.B)** | **ဦးမြင့်စိုး (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၂)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၄၄၁)** |

**အမှတ်(၂၃၀)၊ သီရိဇေယျာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၂၀၂၅၃၇၃၅၊ ၀၉-၇၉၅၂၈၄၄၅၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၁)၊ မြေအကျယ်အဝန်း (၉၄ပေx၁၁၅ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် နေအိမ်အပါအဝင်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးညွှန့်တင်[၁၂/မဂဒ(နိုင်)၀၁၁၇၂၈] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၄၆)ပေါ်တွင် ဆောက်လုပ်ထားသော(၇) ထပ်၏ တတိယထပ်၊ (၄)လွှာ အကျယ်အဝန်း( ၂၅ x ၅၀ )ပေရှိ တိုက်ခန်း နှင့် ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သူ ဒေါ်နန်းလောင်ဟိန်း [၁၃/မပတ(နိုင်)၀၂၃၃၆၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L,(စဉ်-၁၅၉၇၅)** | **BA,HGP, R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀** | **၀၉- ၇၉၀၁၂၄၈၀** | **၀၉ - ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၇**

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်သန်း | နှင့် | ၁။ ဒေါ်ကြည်ကြည်ငွေး |
| | | ၂။ ဒေါ်အေးအေးသင်း |
| **( တရားလို )** | | **( တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀)နေ (၁)တရားပြိုင် ဒေါ်ကြည်ကြည်ငွေး နှင့် ရွှေပြည်သာမြို့နယ်၊ (၃၅/၁၁)ရပ်ကွက်၊ ရန်ကြီးအောင်လမ်းသွယ်(၄)၊ အမှတ်(၄၁၁)နေ (၂)တရားပြိုင် ဒေါ်အေးအေးသင်း (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

